ကြေးမှန်

The Mirror

Established in 1957

၁၃၇၅ ခုနှစ် တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ သောကြာနေ့ (15-11-2013) (၇ဒေါ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အမေရိကန်သမ္မတဟောင်း ကလင်တန်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်သမ္မတဟောင်း H.E.Mr. William J. Clinton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ယင်းသို့တွေ့ဆုံရာတွင် ကလင်တန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံအစိုးရတို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်လိုမှု၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍစုံချဲ့ထွင်နိုင်ရေး၊ HIV, AIDS, TB ရောဂါဝေဒနာရှင်များအား ဆေးဝါးများဖြန့်ဖြူးပေးရေးနှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်သွားလိုမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ ငါးနှစ်အောက်ကလေး၊ မွေးကင်းစကလေးနှင့် မိခင်သေဆုံးမှုလျော့ကျရေးတို့အတွက် ငွေကြေးနှင့် သင်တန်းများ အထောက်အကူပြုနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယှဉ်ပြိုင်နွဲ့ပျော်
တောင်ကြီးတန်ဆောင်တိုင်
မီးပုံးပျံအလှပွဲတော်

တောင်ကြီး နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကြီးကို နိုဝင်ဘာ ၁၀ ရက် ညမှစတင်၍ တောင်ကြီးမြို့ "အဝေရာကုန်းသာယာ" မီးပုံးပျံပြိုင်ပွဲကွင်း၌ စိန်နားပန်ညမီးအလှ၊ ညမီးကြီး(ယမ်းမီး) အလှနှင့် နေ့လွှတ်အရုပ်လွှတ်တင်ပြိုင်ပွဲများ ကျင်းပနေသည်မှာ သုံးရက်မြောက်နေ့သို့ ရောက်ရှိနေပြီဖြစ်သည်။ (ဝဝုံ)

တောင်ကြီးမြို့နေ တိုင်းရင်းသားများအားလုံးသည် မိမိတို့ဘိုးဘွားအစဉ်အဆက် ခေတ်အဆက်ဆက်မှစ၍ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းလာခဲ့သော အစဉ်အလာအတိုင်း ဤတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲကြီးကို လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ကျော်ကာလကတည်းက ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ကြောင်း တောင်ကြီးမြို့နေပြည်သူများထံမှ သိရသည်။

ပွဲတော်၏တတိယည "ရွှေအင်းသားလူငယ်အင်အားစု" စိန်နားပန်မီးအဖွဲ့၊ စိန်နားပန်ညမီးတစ်လုံးလွှတ်တင်ခဲ့ရာ မီးပုံးပျံပုံသဏ္ဌာန်မှာ ကျောက်ဖရုံသီးပုံဖြစ်ပြီး အရွယ်အစားခေါင်အချင်း ၁၇ ပေ ခြောက်လက်မ၊ နံတောင် အမြင့် ၁၆ ပေ ခြောက်လက်မ၊ လောင်စာအမြင့် ၈၊၊ပေ၊ အလေးချိန်ဆယ်ပိသာရှိကြောင်း သိရသည်။ မီးပုံးပျံတွင်ရောင်စုံအလှမီးပုံးငယ် အလုံး ၁၅၀၀ ချိတ်ဆွဲထားရှိပြီး အရောင်မှာ ဖြူ၊ နီ၊ ဝါ၊ စိမ်း၊ အပြာရောင်၊ လိမ္မော်၊ ပန်းခရမ်းဖြင့် စုစုပေါင်းရှစ်ရောင်ပါဝင်ခြယ်မှုန်းသီကုံးထားပါသည်။ ထို့အပြင်(လေထီးရောင်စုံ)မီးအလှ အလုံး ၆၀၀ တပ်ဆင်ကာ တန်ဆာဆင်မြန်းပေးထားသောကြောင့် မီးပုံးအလှကိုထူးဆန်းလှပစေပါသည်။ ကုန်ကျငွေတန်ဖိုးကျပ် ၈၅၀၀၀၀ ဖြင့် တည်ဆောက်ပြုလုပ်ထားကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ခြေ၊ မုံ၊ စ၊ တ၊ ည၊ ရှေ၊ ထ၊ ၁ ၏ ၁၅-၁၁-၂၀၁၃၊ သောကြာနေ့

ဝိရောဓိအား

လောကတွင် အဖြူအမည်း၊ အလင်းအမှောင်၊ အဆိုးအကောင်း၊ အဖြစ်အပျက် ဆန့်ကျင်ဘက်သဘောတို့သည် အတူတကွ ယှဉ်တွဲရှိစမြဲပင်။တစ်ဆက်တည်းမှာ တစ်ခုနှင့်တစ်ခု အကျိုးသက်ရောက်မှုကိုဖြစ်စေပြီး အကျိုးပြုဖက်လည်း ဖြစ်နေတတ်သည်။ အမည်းကြောင့် အဖြူထင်ရှားလာသလို၊ အမှောင်ကြောင့် အလင်းအားကောင်းလာခဲ့ရသည်။ ထို့အတူ အဆိုးကြောင့် အကောင်းလုပ်ရပ်များကျော်ကြားလာရသလို အဖြစ်အပျက်လုပ်ရပ်များကလည်း အသစ်တစ်ဖန်ပြန်လည်သစ်လွင် မွေးဖွားခြင်းများအတွက် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

ကမ္ဘာမြေတွင် တချို့ကုန်းနေ၊ ရေနေသတ္တဝါများ မျိုးသုဉ်းမည့်အခြေအနေရှိလာနေပြီဖြစ်သည်။ ထိုသို့မျိုးမသုဉ်းအောင် ကာကွယ်စောင့်ရှောက်နည်းများအနက် ထိုထိုသတ္တဝါများ အသားကိုစားသုံးကာ မျိုးမသုဉ်းအောင်လုပ်ယူနည်း သီအိုရီတစ်ရပ်မှတ်သားဖူးပါသည်။ လူတွေဖမ်းဆီးသတ်ဖြတ်စားသောက်မှုကြောင့် ကုန်းနေ၊ ရေနေသားငါးသတ္တဝါများ တဖြည်းဖြည်းမျိုးသုဉ်းလုနီးပါး ဖြစ်လာနေရသည်။ ယင်းကိုမှ ထိုထိုသတ္တဝါများ အသားကိုစား၍ မျိုးသုဉ်းမှုမှ ကာကွယ်မည့် ဆိုစကားသည် ဆန့်ကျင်ဘက်ဖြစ်နေသလား ထင်မှားနိုင်သည်။ အမှန်မှာ လူသားများ အစာအတွက်မွေးမြူပြီးစားသောက်ခြင်းကိုဆိုလိုခြင်းပင်။ ဥပမာ အိမ်မွေးကြက်၊ ဘဲ၊ ဝက်သတ္တဝါများ မည်သည့်အခါမျှ မျိုးသုဉ်းမည်မဟုတ်။ဆန့်ကျင်ဘက်၏ တန်းပြန်အကျိုးသက်ရောက်မှုပင်ဖြစ်သည်။

လူမှုနယ်ပယ်တွင်လည်း တချို့အတ္တကိုရှေ့တန်းတင်ကာ ဘယ်သူသေသေ ငတေမာရင်ပြီးရော အစွန်းရောက်ကာ စည်းလွတ်ဝါးလွတ် ရှိနေတတ်ကြသည်။ ကိုယ်ကျိုးတစ်ခုတည်းအတွက် သစ်တောများကိုဖြုန်းတီးကြသည်။ ကမ္ဘာ့မိုးသစ်တောများ ပြုတ်ပြုတ်ပြုန်းလာခဲ့သည်။ သစ်တောများတွင် မီ့တင်းနေထိုင်သော သတ္တဝါများခိုကိုးရာမဲ့ဖြစ်လာခဲ့ရသည်။ ရေသယံဇာတသားငါးပုစွန်များ တဖြည်းဖြည်းပါးလျားလာနေသည်။ မြေပေါ် မြေအောက် စွမ်းအင်သယံဇာတများ အကန့်အသတ်မဲ့ ထုတ်ယူသုံးစွဲ၍တဖြည်းဖြည်းကုန်ခန်းလာနေသည်။ သစ်တောပြုန်းတီးမှု၊ သယံဇာတဖြုန်းတီးမှုကြောင့် ကမ္ဘာ့ရာသီဥတု ဖောက်လွဲဖောက်ပြန်ထိန်းမနိုင်သိမ်းမရဖြစ်လာနေသည်။ ကာဗွန်လွန်ကဲလာမှုကြောင့် ကမ္ဘာ့လေထု၊ ရေထု၊ မြေထု အပူလွန်ကဲလာသည်။ မြေပြင်၊ ရေပြင် ကမ္ဘာ့ဂေဟစနစ်ယိုယွင်းပျက်စီးလာခဲ့ရသည်။ လူတစ်စု၊ နိုင်ငံကြီးတချို့၏ လောဘလွန်ကဲမှုဒဏ်ကို ကမ္ဘာ့လူသားအားလုံး ခံလာနေရခြင်းဖြစ်သည်။

အဖျက်အဆီးရှိလျှင် ပြုပြင်ထိန်းသိမ်းသည့် အပြုသဘောဆောင်သော လူသားများလည်းရှိစမြဲ။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အရေးတယူတွေ့ဆုံကာ ချီးကျူးဂုဏ်ပြုစကားမိန့်ကြားခဲ့သော လူသားအကျိုးပြုအဖွဲ့အစည်းတစ်ခု အကြောင်းကို ဖတ်လိုက်ရသည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Pew Charltable Trusts အဖွဲ့အစည်း၊ ကိုယ်ကျိုးကိုမငဲ့၊ အသင်းအဖွဲ့အတွက် အကျိုးအမြတ်ကိုမမျှော်မှန်းဘဲ လူသားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ ချီးကျူးဂုဏ်ယူပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကုန်း၊ ရေ သက်ရှိ၊ သက်မဲ့ထိန်းသိမ်းရေးလုပ်ငန်းများ စသဖြင့် လူသားများ ရေရှည်ရပ်တည်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများသည် အလွန်ကောင်းမွန်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတကြီးက ချီးကျူးမိန့်ကြားဂုဏ်ပြုခံခဲ့ရသော လူသားအကျိုးပြုလူသားများပင်တည်း။

ဤအဖွဲ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ သမုဒ္ဒရာသယံဇာတ ငါးဖမ်းဆီးမှုများ ထိန်းသိမ်းရေး၊ သစ်တောနှင့် ဆက်စပ်သက်ရှိသတ္တဝါများထိန်းသိမ်းရေး၊ စွမ်းအင်သယံဇာတထိန်းသိမ်းရေးစသည့် နယ်ပယ်သုံးရပ်တွင် အဓိကထားထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ကမ္ဘာ့လူသားများ အကျိုးကိုရှေးရှုလျက် စွမ်းစွမ်းတမံ တစ်ပိုင်တစ်နိုင်လုပ်ဆောင်လျက်ရှိနေကြသူများ ဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်နည်းပညာများနှင့် ငွေကြေးလိုအပ်မှု၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအကျိုးရှိစေမည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်မှု၊ ပြည်သူလူထုအကျိုးရှိစေရန် သယံဇာတများ ထုတ်လုပ်မှုကို ရေတိုရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်မှုများတွင် အဆိုပါအဖွဲ့အနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် လေ့လာမှုများ ဆက်လက်လုပ်ဆောင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်၍ ကြိုဆိုကြရမည်သာဖြစ်သည်။

တချို့ရယူဖို့ သက်သက်ရောက်လာကြသည်။ ဤအဖွဲ့ကား ထိုသို့မဟုတ်၊ ပေးဆပ်ရုံသက်သက်နှင့် လူသားအကျိုးပြုနေကြသည့် လူသားဆန်သော လူသားများတည်း။ အဖျက်အဆီးများရှိသလို ထိုထိုသော ဖျက်ဆီးခံရမှုများမှ အပြုသဘောနှင့် ကာကွယ်စောင့်ရှောက်ပေးကြသူများရှိလာခြင်းသည်လည်း လောကနိယာမတစ်ခုဟု ဆိုကြရမည်သာ။ တစ်နည်းသမိုင်းကြောင်းကောင်း၊ သမိုင်းကောင်းကိုရေးကြသူ၊ လူဖြစ်ရကျိုးနပ်သူများဟု ဆိုရမည်သာ။ ။

နတ်မောက်မြို့နယ် ညောင်ကျပွင်ကျေးရွာ၌ ရှင်ပင်မြတ်လှချမ်းသာအေးစေတီတော် ရတနာအုတ်မြစ်တော်စိ

နေပြည်တော် နိုဝင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သံဃာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စိန္တာသာရအရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကာ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နတ်မောက်မြို့နယ် ညောင်ကျပွင်ကျေးရွာ ရွာဦးကျောင်းတိုက်၌ ရှင်ပင်မြတ်လှချမ်းသာအေးစေတီတော် ရတနာအုတ်မြစ်တော်စိ မဟာမဂ်လာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ရတနာရွှေအုတ်မြစ်တော်များကို စီသွင်းပြီး ပရိတ်နှံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်မမြို့ဟောင်းဒေသရှိ ရှင်အရဟံဗောဓိရွှေညောင်တော်ကို သွားရောက်ဖူးမြော်ပြီး ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥဋ္ဌဘား အလှူတော်ငွေနှင့် လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၁၁-၂၀၁၃ (သောကြာနေ့)

ဇ၊၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၀၊၂၀ "အဖေနဲ့သား"(ဇော်လင်း၊ ကျော်သူ၊ ချိုပြုံး၊ မေဝင်းမောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)
၁၂၊၂၅ ဆေးရောင်စုံရုပ်ရှင် "လွမ်းနေမယ်မမ" (ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-ဦးတင်ယု)
၄၊၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၄၊၄၅ "ကာယအားကိုအသုံးမပြုသည့် တစ်ခုတည်းသောအားကစား (စစ်တုရင်)"
၈၊၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
၉၊၀၀ ပြည်တွင်းသတင်း
၉၊၃၀ Hyper Sports -မြန်မာ့လေ့ရိုးရာလက်ဝှေ့ -"တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ" (ဇာတ်သိမ်း) (ကျော်ကျော်၊ အုံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ်)(ဒါရိုက်တာ-ချစ်စံဝင်း၊ အေးအေးဟန်)



ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်	ရွှေဈေး	၆၇၇၅၀၀	-	၆၇၈၅၀၀
မန္တလေး	ရွှေဈေး	၆၇၇၃၀၀	-	၆၇၈၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၃၊ ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၂၊ ၀
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၉၊ ၇၀
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၀၊ ၈၈၉
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၄၊ ၈၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၅၊ ၃၆၈
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၈၀၊ ၄၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၁၊ ၁၆၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၁၂၊ ၃၃
(ဉ)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၁၊ ၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျှနိုင်ငံ အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျှနိုင်ငံ အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌ Mr. Sid Myer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ဆွေးနွေး

တွေ့ဆုံစဉ်မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဩစတြေးလျှနိုင်ငံမှ လုပ်ငန်းရှင်အများအပြား လာရောက်ဆွေးနွေးညှိနှိုင်းနေမှု၊ အေးရှားလင့်ခ်အဖွဲ့၏ သုံးရက်တာခရီးစဉ်ကာလအတွင်း ခရီးသွားလာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေးစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အားရဖွယ်ဆွေးနွေးနိုင်ခဲ့မှု၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအား မွမ်းမံထိန်းသိမ်းပြုပြင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးဝင်းမြင့်၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အေးရှားလင့်ခ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျှနိုင်ငံ သံအမတ်ကြီး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းရုံးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အဆိုပါ အသင်းရုံး၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းနာယက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှန်၊ ဒုတိယသမ္မတ ဦးဘက်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(အောက်ဝဲပုံ)**

ရှေးဦးစွာ အသင်းနာယက ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အသင်းနာယကနှင့် တက်ရောက်လာကြသူများသည် အသင်းရုံးခန်းမ၌ ပြသထားသည့် အသင်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအမှတ်တရမှတ်တမ်းတင် လက်မှတ်ရေးထိုးပေးကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်သိရိက အသင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါအသင်းကို အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာအသိအမှတ်ပြု လူမှုအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်ရန်ရည်ရွယ်၍ ယခုနှစ် မေ ၁၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အသင်းအနေဖြင့် ဘဝမြှင့်တင်ပေးရန်လိုအပ်လျက်ရှိသည့် အမျိုးသမီးနှင့်ကလေးသူငယ်များ၏ ဖွံ့ဖြိုးရေး၊ အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် လူမှုအသိုင်းအဝိုင်းကခွဲခြားဆက်ဆံမှုမပြုရေးနှင့် မိမိတို့ ခံစားခွင့်ရှိသောအခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရှိရေး၊ အမျိုးသမီးများနှင့်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံးပံ့ပိုးကူညီနိုင်ရန်အတွက် ရည်ရွယ်ချက်ချင်းတူညီသော အခြားပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများအား မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားပြီး အထောက်အကူပြုနိုင်မည့် မည်သူမဆို အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်သည်။

အသင်းရုံးချုပ်ကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနရပ်ကွက် မန္တလေးလမ်းနှင့် နှင်းဆီလမ်းထောင့် အမှတ်(၉/၆)တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်ရုံးခွဲကို ကမာရွတ်မြို့နယ် ရွှေလီလမ်း အမှတ်(၁၃)တွင် ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ပြိုင်ပွဲကွင်းအတွင်းရှိ အမှတ်ပေးဒိုင်အဖွဲ့နှင့် Cherry FM Radio Anouncer က "ယခုလွှတ်တင်ယှဉ်ပြိုင်မည့် စိန်နားပန်မီးပုံးပျံရဲ့ အောက်ဆွဲမှာချိတ်ဆွဲထားတာကတော့ တောင်ကြီးမြို့ စူဋ္ဌာမုနိစေတီတော်မြတ်အား ရောင်စုံလေထီးမီးကလေးများနဲ့ ဘုရားမီးကိုပူဇော်ထားသည့်ပုံဖြင့် ရွှေအင်းသားမီးအလှ စိန်နားပန်မီးပုံးပျံကို လွှတ်တင်ရန် အချိန်ကျရောက်ပါပြီခင်ဗျား" ဟူသောအသံချဲ့စက်များမှ လေလှိုင်းသံကပဲ့တင်ထပ်လျက် အဝေရာကုန်းသာယာ မီးပုံးပျံကွင်း တန်ဆောင်တိုင်ပွဲအလှကို သက်ဝင်လှုပ်ရှားစေရုံသာမက ယနေ့ည ကြွရောက်ကြည့်ရှုအားပေးနေကြသည့် အနယ်နယ်အရပ်ရပ်မှ တောင်ကြီးတန်ဆောင်တိုင်ပွဲလာ ဧည့်ပရိသတ်များစွာ၏ ရင်ထဲနှလုံးသားထဲသို့ စွဲမြဲသွားစေသည့် ရုပ်သံများဟုပင်ဆိုရမည်ဖြစ်ပါသည်။

အလားတူပင် ညမီးကြီးဖြစ်သည့် (ယမ်းမီး) တပ်ဆင်လွှတ်တင်ယှဉ်ပြိုင်ကြသည့် အဖွဲ့များကလည်း ယင်းကွင်းအတွင်းသို့ အလှပြယာဉ်များပေါ် ညမီးကြီးပစ္စည်းကိရိယာများတင်ဆောင်လာကာ ကွင်းအတွင်းသို့တသဲသဲတဖွဲဖွဲ ဝင်ရောက်လာနေသည့် မြင်ကွင်းများကလည်း တန်ဆောင်တိုင်ညမှာ လမင်းကြီးက မီးမောင်းထိုးပြပေးထားသကဲ့သို့ အလှကို ထင်ဟပ်ပေါ်လွင်စေပါသည်။ သူတို့အဖွဲ့၊ ကိုယ်တို့အဖွဲ့ အလှည့်ကျ စနစ်ဖြင့် ညမီးကြီးမီးပုံးပျံအဖွဲ့များဖြစ်သည့် "ရသ၊ ဆောင်းညာ၊ လုံ့လနှင့် မြတ်နိုးသူ" မီးကြီး(ယမ်းမီးကြီး)အပါအဝင် ထိုညတွင် ညမီးကြီးကိုးလုံး၊ စိန်နားပန်မီးအလှ လေးလုံးတို့ အသီးသီးလွှတ်တင်ယှဉ်ပြိုင်ခဲ့ကြပုံများ ကလည်း တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကြီးကို အထင်ကရ ရင်ထဲမှတ်ယူသွားရလောက်သည့် မြင်ကွင်းများဟုဆိုရပေဦးမည်။

ညမီးကြီး(ယမ်းမီးကြီး) မီးပုံးပျံတစ်လုံးတစ်လုံးကို အောင်မြင်စွာလွှတ်တင်နိုင်စေရန် ပြိုင်ပွဲဝင်တိုင်းက တစ်လုံးလျှင်အနည်းဆုံး ကျပ်သိန်း ၃၀၊ ၄၀ ကို အကုန်အကျခံတည်ဆောက်ကြရကြောင်း မီးဆရာများကပြောပြသည်။ ညမီးကြီးအလုံးတိုင်းကို ပျမ်မျှအားဖြင့် နံတောင် ၂၄ ပေ သို့မဟုတ် ၂၃ ပေ၊ လုံးပတ် အနည်းဆုံး ၂၃ ပေထားရှိ၍ ကျောက်ဖရုံသီးပုံသဏ္ဌာန်ပုံဖော်ပြုလုပ်ကြရကြောင်း၊ ယမ်းခွေအကျယ် ကိုးပေ (သို့မဟုတ်) ၁၂ ပေ၊ အမြင့် ငါးပေ ရှိပြီး ယမ်းခွေအလေးချိန်မှာ ပိဿာ ၃၀မှ ၄၀ အထိ ထည့်သွင်းချိတ်ဆွဲကာလွှတ်တင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆီမီးစာတိုင်အမြင့်မှာ အနည်းဆုံး ခြောက်ပေခွဲမှ ခြောက်ပေ ခုနစ်လက်မအထိထားရှိပြုလုပ်တပ်ဆင်ကာ ညမီးကြီးကိုတည်ဆောက်ပြုလုပ်ကြပြီး နှစ်စဉ်မီးပုံးပျံပြိုင်ပွဲကြီးကို စုပေါင်းပါဝင်ဆင်နွှဲနေကြသည့် ရှမ်းပြည်နယ် တောင်ကြီးတန်ဆောင်တိုင် နိုဝင်ဘာ ၁၂ ရက်ည စိန်နားပန်နှင့် ညမီးကြီးအလှ လွှတ်တင်ယှဉ်ပြိုင်နေပုံ တစ်စိတ်တစ်ဒေသကို ကွင်းဆင်းရိုက်ကူးထားပုံများအား ရေးသားတင်ပြလိုက်ရပါသည်။

– – – – – –

မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကယ်တင်ရန် အမေရိကန်လေယာဉ်တင်သင်္ဘော ဖိလစ်ပိုင်သို့ရောက်ရှိ

မနီလာ နိုဝင်ဘာ ၁၄

တိုင်ဖုန်းမုန်တိုင်း ဟိုင်ယန်တိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည့် ဖိလစ်ပိုင်ပြည်သူများအား ကူညီရန်အတွက် အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်နှင့် ဖျက်သင်္ဘောနှစ်စင်းတို့သည် ဖိလစ်ပိုင်နိုင်ငံ ကမ်းလွန်ရေပိုင်နက်အတွင်း ရောက်ရှိနေကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့အထက်တန်းအရာရှိတစ်ဦးက ဘီဘီစီသို့ ပြောကြားရာ၌ အမေရိကန်စစ်ဘက်အနေဖြင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအား မကြုံစဖူးသော ပဏာမဖြင့် အထောက်အပံ့များ ပေးသွားဖွယ်ရှိမည်ဟု ဆိုသည်။

ဖိလစ်ပိုင်အစိုးရ တာဝန်ရှိသူများက မုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးရသူများ၏ ရုပ်အလောင်းများကို သင်ြိုဟ်မှု စတင်ပြုလုပ်နေသည်။ လတ်တလောတွင် သင်ြိုဟ်ခဲ့သူပေါင်းမှာ ၂၃၀၀ ကျော်ရှိပြီး ဆက်လက်မြင့်တက်လာဦးမည်ဟု ပြောကြားသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ဖိလစ်ပိုင်ပြည်သူ ၁၁ သန်းခန့် ထိခိုက်ခံစားခဲ့ရပြီး ယင်းအရေအတွက်မှာ ကမ္ဘာပေါ်တွင် ရုတ်တရက်ကျရောက်သော သဘာဝဘေးအန္တရာယ်ကြောင့် အကြီးမားဆုံးသော ပမာဏဖြင့် သက်ရောက်ခံရခြင်းဖြစ်ပြီး နိုင်ငံတကာမှ ကြီးမားသော ပမာဏဖြင့် ကူညီထောက်ပံ့မှုလိုအပ်သော လုပ်ငန်းဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်ပေါ်တွင် ပါရှိသည့် ရဟတ်ယာဉ်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးမည့်အပြင် ဒုက္ခသည်များအတွက် ရိက္ခာထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဟု အမေရိကန်သမ္မတ အိမ်ဖြူတော်က ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် လောလောဆယ်တွင် အမေရိကန်ရေတပ်မှ ဖျက်သင်္ဘောနှစ်စင်းရှိနေပြီး ယခုရက်သတ္တပတ်အတွင်း အခြားအမေရိကန်ရေတပ်သင်္ဘောများလည်း ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ဖိလစ်ပိုင် ကမ်းလွန်ပင်လယ်ပြင်သို့ ရောက်ရှိနေသော အမေရိကန်လေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်ကို တွေ့ရစဉ်။



ထိုင်းနိုင်ငံရှိအောက်ဆီဂျင်ဓာတ်ငွေ့ဘူးအရောင်းဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

ဗန်ကောက် နိုဝင်ဘာ ၁၄

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်အရှေ့ပိုင်းတွင် နိုဝင်ဘာ ၁၄ရက်က အောက်ဆီဂျင်ဓာတ်ငွေ့ဘူး အရောင်းဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံး၍ သုံးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း နိုဝင်ဘာ ၁၄ရက်သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၁၄ရက် နံနက်စောစောပိုင်းအချိန်က ချာချို့ဆွာပြည်နယ်ရှိ အောက်ဆီဂျင်ဓာတ်ငွေ့ဘူးများ ရောင်းချရာဆိုင်တစ်ဆိုင်၌ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ နှစ်ထပ်အဆောက်အအုံရှိဓာတ်ငွေ့ဆိုင်ပျက်စီးသွားကြောင်း၊ အနီးအနားရှိ ကားနှစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးပျက်စီးသွားကြောင်း သတင်းတွင်ဖော်ပြသည်။

ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူများအား ဆေးကုသနိုင်ရန် ဆေးရုံသို့လျင်မြန်စွာပို့ဆောင်ပေးလိုက်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက ကုန်တင်ကားတစ်စီးပေါ်မှ ဖောက်ခွဲရေးပစ္စည်း ပေါင် ၆၁၀၀၀ ကို ရှာဖွေတွေ့ရှိ

ကဘူးလ် နိုဝင်ဘာ ၁၄

ကုန်တင်ကားတစ်စီးပေါ်၌ တင်ဆောင်ထားသော ဖောက်ခွဲရေးပစ္စည်းပေါင် ၆၁၀၀၀ ကို အာဖဂန် လုံခြုံရေးတပ်ဖွဲ့များက မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း

ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ် တင်ဆောင်လာခဲ့သော ကုန်တင်ယာဉ်ကို တွေ့ရစဉ်။

အာဖဂန် စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ကုန်တင်ကားသည် အောက်တိုဘာ ၁၄ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ ဂါဒက်ဂ်မြို့အနီးတွင် ရပ်တန့်ထားပြီး ယင်းကားပေါ်မှ အဆိုပါ ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးခရစ္စတိုဖာဂါဗာက ပြောကြားသည်ဟု အေဘီစီသတင်းဌာနက နိုဝင်ဘာ ၁၃ရက်တွင် ထုတ်ပြန်သည်။

အများဆုံးတွေ့ရှိ

ယင်းသို့တွေ့ရှိသော ဖောက်ခွဲရေးပစ္စည်းများသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကုန်တင်ယာဉ်တစ်စီးပေါ်မှ အများဆုံးတွေ့ရှိရခြင်းဖြစ်ကြောင်း အာဖဂန်ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

အဆိုပါ ကုန်တင်ယာဉ်မောင်းနှင်သူမှာ ပါကစ္စတန်လူမျိုးတစ်ဦးဖြစ်ပြီး ၎င်းသည် ကုန်တင်ယာဉ်၏ဦးခေါင်းပိုင်း ယာဉ်မောင်းခန်းမှ လက်ပစ်ပုံးတစ်လုံးကို ပစ်ပေါက်ခဲ့ပြီး ၎င်းအား ဆေးရုံတစ်ရုံသို့ တင်ပို့ရာတွင် ဆေးရုံ၌ အသေခံပုံးဖောက်ခွဲပြီး သေဆုံးသွားသည်။

အဆိုပါ ဖောက်ခွဲရေးပစ္စည်းများအား ကုန်တင်ယာဉ်ပေါ်မှ သစ်သားများနှင့် ဖုံးကွယ်ကာ တင်ဆောင်ထားသည်ဟု ဆိုသည်။ **ဘီဘီစီ။**

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ရွှေချောင်း၃၂၀ သိမ်းဆည်းရမိ

ဒါကာ နိုဝင်ဘာ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော်ဒါကာ၏အဓိကလေဆိပ်တွင် လွန်ခဲ့သည့်နှစ်ပတ်ခန့်က ရွှေချောင်း ချောင်းရေ ၂၀၀ ခန့်ကို သိမ်းဆည်းရမိပြီးနောက် နိုဝင်ဘာ ၁၂ရက် နံနက်ပိုင်းက ဒုဗိုဟာမှ ရောက်ရှိလာသော လေယာဉ်တစ်စင်းပေါ်မှ ၃၇ ကီလိုဂရမ်ခန့် အလေးချိန်ရှိသော ရွှေချောင်း ၃၂၀ ကို ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

သိမ်းဆည်းရမိသော ရွှေချောင်း ချောင်းရေ ၃၂၀ ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂၃၀၇ ဒသမ ၆၅ ဖြစ်သည်ဟု လေဆိပ်မှ လုံခြုံရေးတပ်ဖွဲ့၏ အကြီးအကဲ အလမ်ဂျာဟော့ဇ်စ်နီးက ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရွှေချောင်းများကို လေယာဉ်ထိုင်ခုံနှစ်ခုအောက်တွင် ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ ကာတာလေကြောင်းလိုင်းမှ လေယာဉ်က ဟက်စ်ရက်ရှက်ဂျာလယ်နိုင်ငံတကာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၅နာရီခန့်က ရောက်ရှိဆင်းသက်ခြင်းဖြစ်ကြောင်း၊ ပစ္စည်းနှင့်ပတ်သက်သည့် လူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထိန်းသိမ်းခြင်းမခံရဘဲ လွတ်မြောက်သွားကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာလေယာဉ်မှ လေယာဉ်စီးခရီးသည်များကို ပြုစုစောင့်ရှောက်သူများက ရွှေချောင်းများ ထည့်ထားသော အိတ်များထဲတွင် ပုံးပါသည်ဟု သံသယရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား သတင်းပေးလိုက်၍ ရဲက သိမ်းဆည်းလိုက်နိုင်ခြင်းဖြစ်သည်။ **ဆင်ဟွာ။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

အမေရိကန်သမ္မတဟောင်း ကလင်တန်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် သမ္မတဟောင်း H.E.Mr. William J. Clinton နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိညီခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအား ထောက်ခံအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်မှ

လျှပ်စစ်ဓာတ်အားခန္ဓနိုးထား တိုးမြှင့်သတ်မှတ်ခြင်းအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြပြီး လွှတ်တော်မှ မှတ်တမ်းတင်ဆောင်ရွက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်းများ ချမှတ်ခဲ့သော်လည်း အစိုးရအဖွဲ့တစ်ခုတည်းက တာဝန်ယူရသည့်အခါ ဘဏ္ဍာငွေအခက်အခဲကြောင့် ဓာတ်အားထုတ်လုပ်မှု လျော့နည်းပြီး လျှပ်စစ်မီးမရသည့် ပြဿနာများ ယနေ့တိုင် ရင်ဆိုင်နေရကြောင်း၊ ဓာတ်အားသုံးစွဲမှု ပမာဏသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိရာ ၂၀၁၄ ခုနှစ် နွေရာသီတွင် ဓာတ်အား ၂၃၇၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနက တည်ဆောက်မည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ ပုဂ္ဂလိက တည်ဆောက်မည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အရင်းအနှီး ပမာဏများသည့်အတွက် အစိုးရအဖွဲ့တစ်ခုတည်းသာ ဆောင်ရွက်ပါက နှစ်ကာလကြာရှည်မည်ဖြစ်၍ ပြည်တွင်း ပြည်ပပုဂ္ဂလိကများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ ပုဂ္ဂလိကပိုင်းက လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ကုန်ကျစရိတ်များ အပေါ် တွက်ခြေကိုက်မှုရည်ရွယ်စဉ်းစားပြီး ဓာတ်အားခန္ဓနိုးထားတောင်းခံခဲ့ကြသည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အခက်အခဲရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ၏ စုစုပေါင်း ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီး ကျန်မြို့များနှင့်ကျေးလက်ဒေသနေ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ဓာတ်အားသုံးစွဲနိုင်မှု မရှိသေးကြောင်းနှင့် ကချင်ပြည်နယ်မြောက်ပိုင်းဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်ခြမ်းရှိ အချို့ဒေသများ၊ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသတစ်ခုလုံး၊ ကရင်ပြည်နယ်ဒေသအချို့၊ တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး၊ ဧရာဝတီတိုင်းဒေသကြီးမြို့နယ်အချို့၊ ချင်းပြည်နယ်ဒေသတစ်ခုလုံး စသည့်ဒေသများအတွင်း ဓာတ်အားစနစ်မရောက်ရှိသေးသည့်အတွက် ဒီဇယ်နှင့် မောင်းနှင်လည်ပတ်ကာ ဓာတ်အားပေးစက်ရုံများဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးလျက်ရှိပြီး တစ်ရက်လျှင် ၂ နာရီ၊ ၃ နာရီသာ ဓာတ်အားပေးနေရကြောင်း၊ တစ်ယူနစ်ကို အနည်းဆုံး ကျပ် ၄၆၀ မှ အများဆုံး ကျပ် ၇၀၀ ထိ ပေးဆောင်နေရကြောင်း သိရသည်။

နိုင်ငံတော်၏ ရေရှည်စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေး ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ဓာတ်အားစနစ် မရောက်သေးသည့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားပေးလိုင်းများ၊ ဓာတ်အားခွဲရုံများတည်ဆောက်သွားမည့် အစီအစဉ်ရှိကြောင်း သိရှိရသည်။

ပြည်သူ့သဘောထားဆန္ဒများနှင့် စက်မှုဇုန်များရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ အရေးပေါ် အဆိုတင်သွင်းခဲ့မှုအပေါ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ခြင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အစ ဧပြီလတွင် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၁၂-၁၁-၂၀၁၃ ရက်နေ့တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစည်းအဝေးတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုအိုင်စီအထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ ဘာသာကြီးလေးမျိုးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအား နေပြည်တော်၌ ရောက်ရှိနေသော အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန် အိုဂလူနှင့် (OIC) အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော်ရေးရာဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံခဲ့သည်။

(OIC) အဖွဲ့ဝင် တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Prof. Mr. Ahmet Davutoglu သည် ယနေ့ နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသို့ သွားရောက်၍ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်အတွက် မြင်းကောင်ရေ ၇၅ ကောင်အားရှိ ထွန်စက်နှစ်စီး၊ မြင်းကောင်ရေ ၉၅ ကောင်အားရှိ ထွန်စက်နှစ်စီး၊ လေးသွားထယ်လေးခု၊ ဓားစက်ထွန်လေးခု၊ မျိုးစေ့ချစက် လေးခု၊ (Off Set) ထွန်နှစ်ခုနှင့် ဆေးဖျန်းစက်တစ်ခုတို့ကိုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လိုင်က လက်ခံပြီး လယ်ယာကဏ္ဍ၌ ကျယ်ပြန့်စွာ ရင်းနှီးလုပ်ကိုင်နိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်အား ယနေ့ နံနက်ပိုင်းတွင် (OIC) အဖွဲ့ဝင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး H.E. Mr. Y.B. Dato' Hamzah Zainudin သည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် (OIC) အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဟိုတယ်ဇုန်ရှိ ရတနာသီရိဟိုတယ်၌ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ (IDGM) နာယကအင်ဂြိမ်းစားသံအမတ်ကြီး ဦးလှမောင်ဦးဆောင်သည့် ဘာသာကြီးလေးမျိုးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်သော Messaging Life Initiative စီမံချက်အတွက်အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော Rapid-SMS Programmer ဝန်ထမ်း တစ်ဦးခန့်ထားရန်ရှိပါသည်-

လိုအပ်သောအရည်အချင်း-

(က) ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရပြီး(သို့)အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာသိပ္ပံ၊ နည်းပညာစနစ်၊ Software နှင့် Design ပိုင်းတွင် ကျွမ်းကျင်သူ

(ခ) ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်(သို့)(၃)နှစ်ရှိသူ (Python နှင့် Django Programming Language) တတ်မြောက်ပါက ပို၍ သင့်တော်ပါသည်။

(ဂ) တက်တက်ကြွကြွနှင့် ရလဒ်ကောင်း ထွက်အောင်ဆောင်ရွက်နိုင်သူ (နယ်ပယ်အမျိုးမျိုးမှအသင်းအဖွဲ့အမျိုးမျိုးနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူ)

၂။ တာဝန်ထမ်းဆောင်ရမည့်နေရာ -ရန်ကုန်မြို့
၃။ လစာ -မြန်မာငွေကျပ်နှစ်သိန်းငါးသောင်းတိတိ
၄။ စီမံချက်ကာလ -(၁)နှစ်တိတိ
၅။ စိတ်ပါဝင်စားသူများသည်ကိုယ်ရေးအချက်အလက်ပြည့်စုံစွာရေးသားထား သောကိုယ်ရေးလျှောက်လွှာ လိုင်စင်ဓာတ်ပုံ၊ နိုင်ငံရေး/ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံ ချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချင်းသုခုမလမ်း၊ဒဂ္ဂိုဏာသီရိမြို့နယ်၊ နေပြည်တော်သို့ (၂၉-၁၁-၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။
၆။ လုပ်ငန်းပိုင်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်တာဝန်ခံထားရမှု အသေးစိတ်ကိုအောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁ ၂)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း







မသန်စွမ်းသူအားလုံးပါဝင်ဆင်နွှဲ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူပွဲ

ကြည်ထွန်း - လူ မှု ဝန် ထမ်း

၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှစပြီး ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို စတင်ဆောင်ရွက်ပါတော့မယ်။ ဒီသန်းခေါင်စာရင်းကောက်ယူမှုဟာ တစ်နိုင်ငံလုံးမှာရှိကြတဲ့ မသန်စွမ်းသူတွေ အပါအဝင် တစ်မျိုးသားလုံးနဲ့ အကျုံးဝင်ပါတယ်။ မသန်စွမ်းသူတိုင်း သန်းခေါင်စာရင်းမှာ ပါဝင်ခွင့်ရှိပါတယ်။ အကယ်၍ မသန်စွမ်းသူတစ်ဦးဦးပါဝင်ခွင့် မရဘူးဆိုရင် အဲဒီမသန်စွမ်းသူနဲ့ သူ့ရဲ့မိသားစု၊ သူ့ရဲ့ရပ်ရွာဖွံ့ဖြိုးမှုအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်မယ်ဆိုတာကို သတိချပ်ဖို့လိုပါမယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူဦးရေ တိုးပွားများပြားနေပါတယ်။ မြန်မာနိုင်ငံမှာလည်း ထို့အတူပဲဖြစ်တဲ့အတွက် လက်ရှိမသန်စွမ်းသူဦးရေကို တိတိကျကျရရှိထားဖို့ လိုပါတယ်။ ဒါမှသာ မသန်စွမ်းသူတွေအတွက် လိုအပ်တဲ့ ဝန်ဆောင်မှုတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လေ့ကျင့်သင်ကြားမှုတွေ၊ ပြုစုစောင့်ရှောက်မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် တိကျတဲ့ မူဝါဒများချမှတ်နိုင်ဖို့၊ ထိရောက်တဲ့စီမံကိန်းများ ရေးဆွဲနိုင်ဖို့၊ အောင်မြင်တဲ့ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ဖို့ကို ဆောင်ရွက်နိုင်မှာ ဧကန်ဖြစ်ပါတယ်။ ဒါ့ကြောင့် အဓိကမေးခွန်းကြီးပေါင်း ၄၁ ခု ပါဝင်တဲ့ သန်းခေါင်စာရင်းမေးခွန်းပုံစံမှာ "မသန်စွမ်းမှု အခြေအနေ"ဆိုတဲ့ မေးခွန်းကို တကူးတက ထည့်သွင်းထားတာဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးကြ၊ ဖြေကြရာမှာ လွယ်ကူချောမွေ့စေဖို့ မသန်စွမ်းမှုအတွက် ခက်ခဲနက်နဲတဲ့နည်းပညာဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်မဟုတ်ဘဲ အများပြည်သူနားလည်လွယ်မယ့် စကားရပ်တွေနဲ့ အရိပ်အမြွက်မျှ တင်ပြလိုပါတယ်။ "မသန်စွမ်းသူ"ဆိုတာကတော့ မွေးရာပါကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာကြောင့်ဖြစ်စေ၊ ရောဂါတစ်ခုခုကြောင့်ဖြစ်စေ၊ ကိုယ်ခန္ဓာ၊ အမြင်အာရုံ၊ အကြားအာရုံနဲ့ ဉာဏ်ရည်ဆိုင်ရာ ရေရှည်ချို့ယွင်းမှုကြောင့် နေ့စဉ်အသက်ရှင်နေထိုင်မှုအတွက် အထောက်အကူပြုပစ္စည်းသို့မဟုတ် လူတစ်ဦးတစ်ယောက်ရဲ့ အကူအညီရယူနေရတဲ့သူကို ဆိုလိုပါတယ်။

သန်းခေါင်စာရင်း မေးခွန်းပုံစံမှာ မသန်စွမ်းမှုအခြေအနေဆိုင်ရာ မေးခွန်း လေးခုပါဝင်မှာ ဖြစ်ပါတယ်။ အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါမသန်စွမ်းမှု၊ ဉာဏ်ရည်မသန်စွမ်းဆိုတဲ့ မသန်စွမ်းမှု လေးမျိုးမှာ အခက်အခဲရှိ၊ မရှိကို စာရင်းကောက်များက မေးမြန်းကြမှာဖြစ်ပါတယ်။ ကာယကံရှင် မသန်စွမ်းသူကိုယ်တိုင်ဖြစ်စေ၊ မိသားစုဝင်တစ်ဦးဦးကဖြစ်စေ ဖြေကြားပေးဖို့လိုပါမယ်။ ဒီမသန်စွမ်းမှု အမျိုးအစားတွေရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေကတော့-

(က) **အမြင်အာရုံအားနည်းသူ (သို့) မျက်မမြင်** (Visul Impairment) ။လုံးဝမမြင်သူ၊ တစ်စိတ်တစ်ဒေသ မမြင်သူ (မျက်မှန်တပ်လျှင်ပင် သာမန်အမြင်အာရုံမရရှိသူ)ကို ဆိုလိုပါတယ်။

(ခ) **အကြားအာရုံအားနည်းသူ (သို့) နားမကြား** (Hearing Impairment) ။လုံးဝမကြားသူ၊ တစ်စိတ်တစ်ဒေသ မကြားသူ၊ (နားကြားကိရိယာတပ်ထားလျှင်ပင် အကြားအာရုံမှန်မရ ရှိသူ)ကို ဆိုလိုပါတယ်။

(ဂ) **လမ်းလျှောက်/အမြင့်တက်၊ ပစ္စည်းကိုင်တွယ်မှုတို့၌ အခက်အခဲရှိသူ (သို့) ကိုယ်အင်္ဂါမသန်စွမ်းသူ** (Physicallmpairment)။ ကိုယ်အင်္ဂါမပြည့်စုံသူ၊ ရွေ့လျားသွားလာမှုခက်ခဲသူ၊ ခြေတုလက်တုအပါအဝင် အထောက်အကူပြုကိရိယာအသုံးပြုရသူ၊ ပိုလီယို၊ သူငယ်နာအကြောတင်းရောဂါများကြောင့် လှုပ်ရှားမှုခက်ခဲသူကို ဆိုလိုပါတယ်။

(ဃ) **သင်ယူလေ့လာခြင်း၊မှတ်ဉာဏ်၊ အာရုံစူးစိုက်ခြင်း၌ အခက်အခဲရှိသူ (သို့) ဉာဏ်ရည်မသန်စွမ်းသူ** (Mental Impairment)။ မွေးရာပါဉာဏ်ရည်နိမ့်သူ၊ လေ့ကျင့်သင်ကြားရန် ခက်ခဲသူ၊ ပုံမှန်အပြုအမူထက် ထူးခြားသူတို့ကို ဆိုလိုပါတယ်။ ဒီအမျိုးအစားထဲမှာ ကြွင်းကျန်မှုမရှိအောင် ထည့်သွင်းကောက်ယူသင့်တဲ့ မသန်စွမ်းသူတွေကတော့ ဉာဏ်ရည်နိမ့် (Intellectual Impaired)၊ အာရုံစူးစိုက်မှု အားနည်းခြင်းနဲ့ လွန်ကဲလှုပ်ရှားမှု (ADHD)၊ ကလေးဘဝမှစ၍ တဖြည်းဖြည်းဖြစ်ပေါ်လာတဲ့ အထီးကျန်စိတ်ဝေဒနာသည် (Autism)၊ ပါရမီထူးခြားပြီး ဉာဏ်ရည်နိမ့်သူ (Dyslexia)၊ ထူးခြားသော သွင်ပြင်လက္ခဏာနှင့် ဉာဏ်စွမ်းရည်ထိခိုက်နေတဲ့သူ (Down Syndrome)၊ အပြုအမူဆိုင်ရာ ပြဿနာရှိသူ (Behavior Problems)တို့ပဲ ဖြစ်ပါတယ်။

> **" သန်းခေါင်စာရင်း မေးခွန်းပုံစံမှာ မသန်စွမ်းမှုအခြေအနေဆိုင်ရာ မေးခွန်း လေးခုပါဝင်မှာ ဖြစ်ပါတယ်။ အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါမသန်စွမ်းမှု၊ ဉာဏ်ရည်မသန်စွမ်းဆိုတဲ့ မသန်စွမ်းမှု လေးမျိုးမှာ အခက်အခဲရှိ၊ မရှိကို စာရင်းကောက်များက မေးမြန်းကြမှာ ဖြစ်ပါတယ်။ ကာယကံရှင် မသန်စွမ်းသူ ကိုယ်တိုင်ဖြစ်စေ၊ မိသားစုဝင်တစ်ဦးဦးကဖြစ်စေ ဖြေကြားပေးဖို့ လိုပါမယ် "**

မြန်မာနိုင်ငံအရပ်ရပ်မှ မသန်စွမ်းသူတွေရဲ့ ပြန်လည်ထူထောင်မှုကို ဗဟိုချက်ဌာနအဖြစ်ဆောင်ရွက်နေတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ တိကျမှန်ကန်တဲ့ မသန်စွမ်းသူဦးရေရရှိရေးသာမက မသန်စွမ်းမှု အခြေအနေ(ဒီဂရီ)ကိုလည်း သိရှိလိုတာအမှန်ပါ။ သို့ပေမယ့် သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ အိမ်ထောင်စုပေါင်းများစွာကို တစ်အိမ်တက်ဆင်း မေးမြန်းရမယ့်လုပ်ငန်းကြီးဖြစ်တဲ့အတွက် ဒီအချက်အလက်တွေလောက်နဲ့ပဲ ရောင့်ရဲရမှာပါ။ သန်းခေါင်စာရင်းက ထွက်ပေါ်လာတဲ့ ရလဒ်တွေအပေါ်အခြေခံပြီး မတူကွဲပြားတဲ့ မသန်စွမ်းမှုအမျိုးအစားတွေကို ခွဲခြားသိရှိနိုင်ဖို့ သီးခြားစာရင်းကောက်ယူမှုနဲ့ သုတေသနပြုမှုတွေကို ဆက်ပြီးဆောင်ရွက်ရဦးမှာဖြစ်ပါသည်။

စာရင်းကောက်များ အထူးဂရုပြုရမယ့်အချက်ကတော့ လက်စွဲစာအုပ်မှာပါဝင်တဲ့ မသန်စွမ်းမှုဆိုင်ရာ လမ်းညွှန်ချက်တွေကို ကျေကျေညက်ညက်လေ့လာပြီး မေးမြန်းကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အထူးသဖြင့် မသန်စွမ်းမှု တစ်မျိုးထက်ပိုနေသူအတွက် စာရင်းရေးသွင်းရာမှာ အခက်အခဲတွေရှိလာနိုင်ပါတယ်။ အမြင်အာရုံ အခက်အခဲရှိသူတွေထဲမှာ မျက်မှန်တပ်ထားပေမယ့် သာမန်ပုံနှိပ်စာလုံး၊ လက်ရေးစာလုံးကိုတောင် မမြင်ရဘူးဆိုရင် **"အမြင်"** စာတိုင်မှာထည့်ပါ။ မျက်လုံးတစ်ဖက်မရှိသူကိုလည်း ဒီစာတိုင်မှာပဲ ထည့်ရပါမယ်။

အကြားအာရုံအခက်အခဲရှိသူတွေထဲမှာ နားကြပ် (နားကြားကိရိယာ) အမြဲတမ်းတပ်ထားရသူ၊ ပုံမှန်စကားပြောသံကိုမကြားနိုင်သူ၊ သူတစ်ပါးနားလည်အောင် အသံထွက်မပြောနိုင်သူ၊ လုံးဝအသံမထွက်သူကို **"အကြား"** စာတိုင်မှာ ထည့်ရပါမယ်။ နေ့စဉ်လှုပ်ရှားသွားလာမှုတွေမှာ အခက်အခဲဖြစ်နေတဲ့ လေဖြတ်သူ၊ ပိုလီယို၊ အကြောတင်းစတဲ့ ဝေဒနာသည်တွေကို **"ကိုယ်အင်္ဂါ မသန်စွမ်းသူ"** စာတိုင်မှာ ထည့်ရပါမယ်။ အများနဲ့ကိုယ်ခန္ဓာဖွဲ့စည်းမှုပုံသဏ္ဌာန်မတူတဲ့ ကျောကုန်းမှာဘို့ရှိသူ၊ သက်ကြီးပုစတဲ့သူတွေကိုလည်း ဒီစာတိုင်အောက်မှာပဲ ထည့်ရပါမယ်။ အသက်အရွယ်ကြောင့် တောင်ဝှေး၊ ဝှီးချဲနဲ့ အခြားအထောက်အကူပြုကိရိယာတွေ ယာယီသုံးစွဲနေရသူတွေကိုတော့ ထည့်သွင်းဖို့ မသင့်ပါ။ စာသင်ဖို့ခက်ခဲသူ၊ လူမှုဆက်ဆံရေးခက်ခဲသူ၊ ဉာဏ်ရည်နိမ့်သူတွေကိုတော့ **"ဉာဏ်ရည်မသန်စွမ်းသူ"** စာတိုင်အောက်မှာ ထည့်ရပါမယ်။ အသက်အရွယ်ကြီးရင့်မှုကြောင့် မှတ်ဉာဏ်အားနည်းသွားသူတွေကိုတော့ ထည့်သွင်းဖို့ မသင့်ပါလို့ အကြံပြုလိုပါတယ်။

"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဒီလုပ်ငန်းကြီးအောင်မြင်ရေးမှာ ပြည်သူတွေဟာ အခရာဖြစ်ပါတယ်။ အထူးသဖြင့် ကာယကံရှင် မသန်စွမ်းသူတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးပါပါတယ်။ ခေတ်စနစ်တွေ၊ ရှေးတုန်းက မသန်စွမ်းသူတွေအပေါ်ထားရှိခဲ့တဲ့ အမြင်သဘောထားတွေ ပြောင်းလဲနေပြီဖြစ်ပေမယ့် အိမ်တွင်းပုန်းဘဝက မလွတ်မြောက်သေးတဲ့ မသန်စွမ်းသူတွေရှိနေဦးမှာဖြစ်ပါတယ်။ ဒါဟာ ရှက်ရွံ့စိုးကြောက်မှုတွေ၊ လျစ်လျူရှုမှုတွေ၊ ခွဲခြားဆက်ဆံမှုတွေကြောင့် လူ့အသိုက်အဝန်းအတွင်းမှာ ဝင်ဆံ့မှုမရှိကြသေးတာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ ရှေးတုန်းကလို မသန်စွမ်းမှု (သို့) မသန်စွမ်းဖြစ်ခြင်းနဲ့ ပတ်သက်တဲ့ အရေးကိစ္စဟာ လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများနဲ့သာ သက်ဆိုင်တဲ့ကိစ္စမဟုတ်တော့ပါဘူး။ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ လူမှုရေးဖွံ့ဖြိုးမှုကိစ္စတစ်ရပ် ဖြစ်လာပြီဆိုတာကို အားလုံးနားလည်သဘောပေါက်ကြဖို့ လိုပါပြီ။

နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ မသန်စွမ်းသူများအားလုံး စစ်မှန်တဲ့ အခွင့်အရေးတွေရရှိအောင် ကုလသမဂ္ဂအပါအဝင် INGO၊ NGO အဖွဲ့အစည်းတွေနဲ့ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှာ ကုလသမဂ္ဂမသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါပြီ။ စာချုပ်ပါ ပြဋ္ဌာန်းချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အားလုံးတက်ညီလက်ညီ ကြိုးပမ်းကြဖို့ လိုပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကိုလည်း ရေးဆွဲပြုစုနေပြီဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာမှာ **"သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်း ပူးပေါင်းပေး"**ဆိုတဲ့ ဦးတည်ချက်ဆောင်ပုဒ်နဲ့ ကျင်းပပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တဲ့ **"အနုဋ္ဌရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကြီး"**ဟာ နိုင်ငံတစ်ဝန်းလုံးက ရှက်ပုန်းသီး မသန်စွမ်းဝါသနာရှင်တွေရဲ့ အနုပညာစွမ်းပကားကို စတင်ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ထို့အတူပဲ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာကျင်းပမယ့် **"အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကြီး"**မှာလည်း မြန်မြန်ပြေး၊ ဝေးဝေးပစ်၊ မြင့်မြင့်ခုန်၊ မြန်မြန်ကူးနိုင်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ထွက်ပေါ်လာဦးမှာမလွဲပါဘူး။ ဒါကြောင့် ၂၁ ရာစု ဒုတိယဆယ်စုနှစ်ဟာ မြန်မာနိုင်ငံက မသန်စွမ်းသူတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မြှင့်တင်ဖော်ဆောင်ပေးနိုင်တဲ့ ဆယ်စုနှစ်လို့တောင် ပြောရမလို ဖြစ်နေပါပြီ။ ဒီအခွင့်အလမ်းတွေကို မသန် စွမ်းသူတွေနဲ့ မိသားစုဝင်တွေက မိမိရရ အသုံးချဖို့ လိုပါတယ်။

မသန်စွမ်းသူတွေရဲ့ အကျိုးစီးပွားကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် မြှင့်တင်ပေးနိုင်ဖို့ဆိုရင် မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်တွေ ရရှိဖို့နဲ့ ခိုင်မာတဲ့စာရင်းဇယားတွေ ပြည့်ပြည့်စုံစုံ ရရှိရေးဟာ ပဓာနကျတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သန်းခေါင်စာရင်းကောက်ယူရာမှာ သင့်မိသားစုနဲ့ သင့်ပတ်ဝန်းကျင်မှာရှိတဲ့ မသန်စွမ်းသူတွေအားလုံး ပါဝင်နိုင်အောင် အားပေးကူညီကြပါ။ မရှက်မကြောက်ဘဲ မိမိရဲ့ မသန်စွမ်းမှု အခြေအနေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်အောင် အားပေးတိုက်တွန်းနှိုးဆော်ပေးပါ။ သန်းခေါင်စာရင်းရဲ့ အရေးပါမှုကို တစ်ယောက်ကစတစ်ရာဆိုသလို ရှင်းပြပေးကြပါလို့မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။ မသန်စွမ်းသူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြပါစို့။ ။

ရန်ကုန်မြို့တွင်း ယာဉ်မရပ်ရသတ်မှတ်ထားသောလမ်းပိုင်း ၃၇ ခုတွင် စည်းကမ်းမဲ့ယာဉ်များအား စတင်အရေးယူ

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်မြို့တွင်း ယာဉ်မရပ်ရသတ်မှတ်ထားသော လမ်းပိုင်း ၃၇ ခုတွင် စည်းကမ်းမဲ့ယာဉ်များအား စတင်အရေးယူနေပြီဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၁ ရက်က စမ်းချောင်းမြို့နယ်နှင့် ဗဟန်းမြို့နယ်တို့တွင် စုစုပေါင်း ခုနစ်မှု စတင်အရေးယူပြီဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ သိရသည်။

အဆိုပါရန်ကုန်မြို့တွင်းယာဉ်မရပ်ရသတ်မှတ်ထားသော လမ်းပိုင်း ၃၇ ခုတွင် ရန်ကုန်မြို့တော်အတွင်းရှိ တောင်/မြောက်လမ်း ၁၆ လမ်း၊ အရှေ့/အနောက်လမ်း ၂၁ လမ်း စုစုပေါင်း ၃၇ လမ်းတွင် ယာဉ်မရပ်ရနယ်မြေအဖြစ် သတ်မှတ်ထားရှိပြီး အဆိုပါ ယာဉ်မရပ်ရနယ်မြေအတွင်း ရပ်နားထားသည့်ယာဉ်များအား နိုဝင်ဘာ ၁၁ ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီပူးပေါင်းအထူးအဖွဲ့နှစ်ဖွဲ့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် စည်ပင်သာယာရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် စတင်အရေးယူမှု အခြေအနေအရ အမှုပေါင်း ခုနစ်မှုစတင်အရေးယူလိုက်ခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့တွင်း ယာဉ်မရပ်ရသတ်မှတ်ထားသော လမ်းပိုင်း ၃၇ ခုတွင် စည်းကမ်းမဲ့ယာဉ်များအား စတင်အရေးယူမှုစာရင်းများအရ စမ်းချောင်းမြို့နယ်အတွင်း ဖမ်းဆီးသည့်နေရာများမှာ ဗားကရာလမ်း ဂမုန်းပွင့်ရှေ့၌ နှစ်မှု၊ ယုဇနပလာဇာ ဓမ္မစေတီလမ်းတွင် တစ်မှု၊ ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒိုရှေ့တွင် တစ်မှု၊ ဗားကရာလမ်း ဒဂုံစင်တာရှေ့တွင် တစ်မှုဖြင့် စမ်းချောင်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ နိုဝင်ဘာ ၁၂ ရက်တွင် ချလန်ဖြတ်အရေးယူပြီး တရားစွဲဆိုတင်ပို့သွားရန် စီစဉ်ထားကြောင်းနှင့် ဗဟန်းမြို့နယ်အတွင်း ဗားကရာလမ်း ဂမုန်းပွင့်ရှေ့တွင် တစ်မှု၊ ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒိုရှေ့တွင် တစ်မှုဖြင့် ဗဟန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ နိုဝင်ဘာ ၁၂ ရက်တွင် ချလန်ဖြတ်အရေးယူကာ တရားစွဲဆိုတင်ပို့သွားရန် စီစဉ်ထားကြောင်း သိရပြီး အဆိုပါနေရာများရှိအရေးယူခဲ့သော ယာဉ်များအား ရှင်စောပုကားဝင်းအတွင်း ထိန်းသိမ်းထားရှိကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ စာရင်းဇယားများအရ သိရသည်။ **(စိုးဝင်း-MLA)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကွမ်းခြံကုန်းမြို့နယ်တွင် ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(ကွမ်းခြံကုန်း)ကို တည်ဆောက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပခဲ့ပြီး အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ **ပြည်ပမှတင်သွင်းလာသော ပဲပုပ်ဖတ်များတွင် မယ်လမင်းကဲ့သို့ ဓာတုအဆိပ်အတောက်ဓာတ်များပါဝင်နေ၍ ကျန်းမာရေးဆိုးကျိုးမဖြစ်အောင်ကာကွယ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ပဲပုပ်ဖတ်များအား ပြည်တွင်းသို့တင်သွင်းလိုပါကကုမ္ပဏီအနေဖြင့် ပစ္စည်းနမူနာရယူပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ နမူနာပေးပို့ရကာ ဌာနရှိဓာတ်ခွဲခန်းကစစ်ဆေး၍ အန္တရာယ်ကင်းရှင်းကြောင်းနှင့် သတ်မှတ်အရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ပါရှိမှသာ သွင်းကုန်လိုင်စင်ခွင့်ပြုတင်သွင်းစေခြင်းဖြစ်ပါကြောင်း၊ တင်သွင်းသူ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ကုန်ကြမ်းပစ္စည်းများတွင် မသက်ဘွယ်ရာများ တွေ့ရှိခဲ့ပါက စားသုံးသူ အကာအကွယ်ပေးရေးအသိပညာများအရ ပြန်လည်စစ်ဆေးမှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ရာတွင် မိမိနိုင်ငံရှိကုန်ဝယ်သူအနေဖြင့် ပြည်ပနိုင်ငံရှိ ကုန်ရောင်းသူထံမှ ကုန်ပစ္စည်းများအား ဝယ်ယူရာတွင် နမူနာရယူရာ၌ အရည်အသွေးပြည့်ဝသောကုန်ကြမ်းများအား နမူနာပေးပို့ပြီး အမှန်တကယ် တင်သွင်းလာချိန်၌ အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများ ရောနှောပါဝင်လာသည့် ဖြစ်စဉ်များကိုလည်း ကြားသိနေရပါကြောင်း၊ တစ်ဖက်ကုန်ရောင်းသူအနေဖြင့် မှားယွင်းပေးပို့မှုများရှိသကဲ့သို့ ကြိုတင်ကြိုစည်မှုဖြင့် တင်ပို့ခြင်းများလည်းရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ပါက ကုန်ရောင်းသူ၊ ကုန်ဝယ်သူ(၂)ဦးက အရောင်းအဝယ်စာချုပ်ပါ ကတိကဝတ်များအတိုင်း ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာပိုင်းကလည်း သက်ဆိုင်ရာသံရုံးများမှတစ်ဆင့် စီးပွားရေးဆိုင်ရာ သံမှူးများအား အကူအညီတောင်းခံ၍ လည်းကောင်း၊ ကုန်သည်အသင်းအဖွဲ့ အချင်းချင်းညှိနှိုင်း၍ သော်လည်းကောင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်။

သို့ဖြစ်၍ ပြည်တွင်းဈေးကွက်လိုအပ်ချက်အရ တင်သွင်းလျက်ရှိသော စားသောက်ကုန်များနှင့် တိရစ္ဆာန်အစားအစာများအား ပြည်တွင်းသို့တင်သွင်းရာ၌ သက်ဆိုင်ရာအရည်အသွေးစိစစ်ရေးဌာနများ၏ထောက်ခံချက်များအရ စိစစ်တင်သွင်းခြင်းဖြစ်ပါကြောင်းနှင့် စိစစ်ထောက်ခံချက်မပါသော ပစ္စည်းများကို တွေ့ရှိရပါကလည်း စားသုံးရန်မသင့်သောပစ္စည်းများအဖြစ်သတ်မှတ်၍ အများပြည်သူ သိရှိစေရန် နေ့စဉ်ထုတ်သတင်းစာများတွင်ထည့်သွင်းကြေညာခြင်း၊ ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ **မည်သည့်ဒေသများတွင် ကျောက်မီးသွေးထွက်ရှိသည်နှင့် ကျောက်မီးသွေးသုံးစက်ရုံများ နိုင်ငံတစ်ဝန်းတွင် တည်ဆောက်၍ နိုင်ငံသားများအား အဖိုးနှုန်းချိုသာသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချပေးမည့်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အပြင် ကချင်၊ ကယား၊ ရှမ်းပြည်နယ်၊ မကွေး၊ မန္တလေး၊ တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် တို့တွင် ကျောက်မီးသွေးပမာဏ မက်ထရစ် တန် စုစုပေါင်း (၅၄၀ ဒသမ ၁၆၀)သန်း ထွက်ရှိနိုင်ပါကြောင်း။

ကျောက်မီးသွေးထွက်ရှိရာဒေသနှင့် မြေလွတ်မြေရိုင်းများစွာရှိသော ကျေးလက်ဒေသများတွင် သယံဇာတဖြစ်သောကျောက်မီးသွေးကိုသုံးစွဲ၍ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ တည်ထောင်ကာ မြို့ပြနှင့်ကျေးလက်ဒေသ အချိုးညီတိုးတက်စေရေးဆောင်ရွက်ရန်မှာ ပြည်တွင်း ပြည်ပကုန်ကြမ်းရရှိမှုနှင့် ဒေသကုန်ကြမ်းရရှိမှုအပေါ်မူတည်၍ ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားအလိုက် စက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတည်ထောင်ရသည့်အပြင် ကုန်ချောဖြန့်ဖြူးမှုအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ကျောက်မီးသွေးထွက်ရှိရာဒေသ ကလေးဝအနီးရှိ ကလေးမြို့တွင် စက်မှုဇုန်တစ်ခုတည်ထောင်ထားရှိပြီးဖြစ်ပါကြောင်း။

ကော့သောင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား(၈)မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပြီးဖြစ်သကဲ့သို့ နောင်ချိုမြို့နယ် လုံးရုံးဒေသတွင် (၁၅) မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်း အလုပ်အကိုင်ရရှိရေးနှင့်စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျိုင်းတုံမြို့နယ်တွင် (၄၀၀~၅၀၀) မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂)ရုံကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ ပင်လောင်းမြို့နယ်တွင် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ(၁၂၀) မဂ္ဂါဝပ်ကို ဝန်ကြီးဌာနက ကိုယ်တိုင်အကောင်အထည်ဖော်တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားလုပ်ငန်းရှင်များအပိုင်းတွင်လည်း ကွမ်းခြံကုန်းမြို့နယ်တွင် ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(ကွမ်းခြံကုန်း)ကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ရန်ကုန်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း(ထန်းတပင်)၊ ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ဘုတ်ပြင်းကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(မနောလုံး)၊ ရန်ကုန်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ငရုတ်ကောင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ကျိုင်းတုံ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(ကျောက်တန်း)တို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းများအနက်မှ ကလေးဝနှင့် ကျိုင်းတုံ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများတွင် ဒေသထွက်ကျောက်မီးသွေး အရင်းအမြစ်များကို သုံးစွဲသွားမည်ဖြစ်ပြီး ကျန်စက်ရုံများတွင် အင်ဗိုနီးရှားနှင့်ညြစကြေးလျှနိုင်ငံတို့မှ တင်သွင်းအသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် **စာမျက်နှာ ၈ သို့** ❍

အမျိုးသားလွှတ်တော်အစည်းအဝေး

ယူရီးယားဓာတ်မြေသြဇာတစ်တန်လျှင် ၂၈၀၀၀ ကျပ်နှုန်း၊ တစ်အိတ်လျှင် ၁၄၄၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ယူရီးယားဓာတ်မြေသြဇာစျေးနှုန်းကို သင့်တင့်မျှတသောစျေးနှုန်းဖြင့် တစ်တန်လျှင်(၂၈၀၀၀) ကျပ်နှုန်း၊ တစ်အိတ်လျှင်(၁၄၄၀၀)ကျပ်နှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်းဖြင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး

အ မျိုး သား လွှတ်တော်အစိုးရ အာမခံချက်များ၊ က တိ များ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဝင် ဦးသိန်းလှိုင်။

မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်၏ **ယူရီးယားပုလဲ ဓာတ်မြေသြဇာများ နိုင်ငံတော်မှထုတ်စျေးနှင့် ပြင်ပပေါက်စျေးမှာ ငွေကျပ်လေးငါးထောင်ခန့် ကွာခြားနေပါ၍ သက်ဆိုင်ရာမှ စျေးနှုန်း သက်သာစွာဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများလက်ဝယ်သို့ ကြားခံအဆင့်အနည်းဆုံးဖြင့် ရောက်ရှိစေရန် မြို့နယ်များမှ တိုက်ရိုက်လျှောက်ထားလာမှုအပေါ် အခြေခံ၍ ရောင်းချပေးလျက်ရှိပါကြောင်း၊ ဝယ်ယူခွင့်ရရှိသူများအား အချိန်ကြန့်ကြာခြင်းနှင့် အပိုကုန်ကျမှုများမရှိစေရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းအဆင့်များအား ဖြေလျှော့ပေးခဲ့ပြီး ဝယ်ယူခွင့်ရရှိသူသည် လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သို့ ဖက်စ်ဖြင့်ငွေပေးသွင်း၍ စက်ရုံတွင် တိုက်ရိုက်ယူသည့်စနစ်ဖြင့် ရောင်းချဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သောဥပဒေများ ရေးဆွဲရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို မှတ်တမ်းတင်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **မြန်မာနိုင်ငံမိုးရာသီ ရေကြီးပျက်စီးဆုံးရှုံးမှုများ လေ့လာဆန်းစစ်ခြင်း (Flood Damage Analysis)နှင့် ထိခိုက်မှုသက်သာလျှော့နည်းစေရန် ကုစားနိုင်မည့် အစီအမံများ(Mitigation Measures)ဖြင့် ပြည်သူများရေရှည် အကျိုးခံစားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို အတည်ပြုကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော် အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဝင် ဦးသိန်းလှိုင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

ယင်းအစီရင်ခံစာ၏ သုံးသပ်ချက်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်အဆိုများပေါ် အချို့ဝန်ကြီးဌာနများအနေဖြင့် ဖြေကြားချက်အရ ကတိကဝတ်ဖြစ်ခဲ့ပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ချက်များ နှောင့်နှေးမှုရှိနေခြင်းနှင့် ကတိကဝတ်နှင့်ကိုက်ညီမှု မရှိသည်များ ဖြစ်ပေါ်လျက်ရှိသည့်အပြင် မေးခွန်းများ၊ အဆိုများအပေါ် ကတိကဝတ်ပေးခဲ့ပြီး လက်တွေ့ဆောင်ရွက်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များ ဆန္ဒပြည့်ဝမှု မရှိသည်များကို တွေ့ရှိရပါကြောင်း။

မေးခွန်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြေကြားချက်များတွင် လာမည့်ဘဏ္ဍာနှစ် ၂၀၁၃-၂၀၁၄ တွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိလာပါက ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း ဘတ်ဂျက်တွင်တင်ပြတောင်းခံမှု ပါဝင်မလာသည်များကို စိစစ်တွေ့ရှိရပါကြောင်း၊ အချို့မေးခွန်းများမှာ သက်ဆိုင်ရာဝန်ကြီးဌာနက လွှတ်တော်တွင် ဖြေကြားရုံဖြင့်မလုံလောက်ဘဲ အများပြည်သူများသိရှိနိုင်စေရန် လိုအပ်သောအချက်များကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးသင့်ပါကြောင်းဖြင့် ပါရှိသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းဆောင်ရွက်ခဲ့မှုများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်ပလွှတ်တော်များ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းများ ဖွဲ့စည်းခဲ့မှုများနှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားရေးကိုရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့သက်ဆိုင်ရာနယ်မြေရှိ ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားလိုက်ပြီး ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်း အက်ရ်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင် ဧည့်နန်းမ၌ လက်ခံတွေ့ဆုံသည်။ **(၀၆)**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစီးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဦးမောင်မြင့်၊ ဦးငွေးအောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးရဲတွင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲနှင့်အတူ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Antonio TAJANI နှင့် ၎င်းနေအကြီးအကဲများ၊ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပပါလီမန် အဖွဲ့ဝင်များ၊ ဥရောပကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ ဥရောပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေ၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှုအခြေအနေ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး Comprehensive Framework တွင်ပါရှိသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးမှုနှင့် ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးမှုင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပါကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သြစတြေးလျှနိုင်ငံ အေးရှားလင့်ခ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် Asialink Australia Myanmar Business Taskforce ဥက္ကဋ္ဌ Mr. Sid Myer ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြင်မိမ်း၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျှ သံအမတ်ကြီး H.E. Ms. Bronte Moules လည်း တက်ရောက်သည်။

(သတင်းစဉ်)

တပ်မတော်သား၏ သဘောသဘာဝကိုသိရှိနားလည်ပြီး မိမိကိုယ်မိမိတန်ဖိုးထား ကြိုးစားလုပ်ဆောင်သွားကြရန်လို

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ကာကွယ်ရေးဟူသည့် အုပ်ငံးသုံးပိုင်းရှိရာ တရားဥပဒေစိုးမိုးရေးတွင် ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ၊ တရားရေးအဖွဲ့ စသည်တို့က ဆောင်ရွက်ရပြီး လုံခြုံရေးတွင် ရဲတပ်ဖွဲ့သည် အဓိကတာဝန်ရှိကြောင်း၊ အချို့လိုအပ်သည့် လုံခြုံရေးကိစ္စရပ်များတွင် တပ်မတော်ကပါဝင်ဆောင်ရွက်ရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး အပိုင်းတွင် တပ်မတော်က အဓိကတာဝန်ရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ပိုင်းတွင် ဝထူးတပ်နယ် တပ်တော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့် ခန်းမဆောင်၌ ဝထူး တပ်နယ်ရှိ သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ၊ စစ်သည်များအား တွေ့ဆုံရာတွင် မြေကြားခဲ့သည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် ကာကွယ်ရေး တို့တွင် ကိုယ့်အုပ်ငံးအလိုက် တာဝန်ကျေပွန်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညီညီနိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိမှ ပိုမိုအောင်မြင်မည်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သင့်လျော်သည့်ဌာနများတွင် အမျိုးသမီးများပါ တာဝန်ထမ်းဆောင်နိုင်ရန် အမျိုးသမီးတပ်မတော်အရာရှိများ ရွေးချယ်ခန့်အပ်သွားမည်ဖြစ်သည့်အပြင် တပ်တြပ်ကြီး/ စာရေးအပါအဝင် အမျိုးသမီးစစ်မှထမ်းများကိုပါ ခန့်ထားတာဝန်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် ထူးချွန်ထက်မြက်မှု၊ အသိပညာ၊ အတတ်ပညာများကို ကောင်းသည့်ဘက်တွင် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းအသုံးချရန်လိုကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး နယ်ပယ်(၅)ရပ်နှင့် အကျုံးဝင်သော မြန်မာနှင့် ဥရောပကုမ္ပဏီများ အကြား B 2 B Networking ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးရေးဗိုလ်မှူး ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာရေး အတွက် ဥရောပသမဂ္ဂက ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကြသည်။ ထို့အတူ လာမည့် နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံအား ဘဏ္ဍာရေးအကူ အညီများ ထပ်လောင်းပေးအပ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ အကြားဆက်ဆံရေး တိုးတက်လာမှု၏ ပြယုဂ်တစ်ရပ်အဖြစ် အဆိုပါ အီးယူ-မြန်မာ အထူးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ခြင်းဖြစ်သည်။ ယင်းအထူးလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့် စီးပွားရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန် ကူညီပေးမည့် အဖွဲ့အစည်းဖြစ်သည်။

ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်တိုနီယိုတာဂျာနီက ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့် နိုင်ငံရေး မိတ်ဖက်ပြုမှုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်ရေး၊ ကုန်သွယ်ရေး လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ခရီးသွားလုပ်ငန်းကဲ့သို့သော မဟာဗျူဟာလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့နှင့်အတူ ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၆ နိုင်ငံမှ ကုမ္ပဏီနှင့် အသင်းအဖွဲ့ ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ လိုက်ပါလာခဲ့ပြီး ဖိုရမ်များတွင် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဥရောပသမဂ္ဂ(အီးယူ) မြန်မာအထူးလုပ်ငန်းအဖွဲ့ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ဥရောပသမဂ္ဂ(အီးယူ) မြန်မာအထူးလုပ်ငန်းအဖွဲ့ (EU-Myanmar Task Force)၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွင် ကျင်းပသည်။ **(ယာဝဲ)**

မျက်နှာစုံညီ အစည်းအဝေး ဖွင့်ပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်တိုနီယိတာဂျာနီတို့က သဘာဝတိအဖြစ် ဆောင်ရွက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာ ကံရော်နှင့် ဦးငွေးအောင်၊ ပြည်ထောင်စုစီးရှေ့နေချုပ် ဒေါက်တာထွန်းရင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် တည်ဗြိမ်အေးချမ်းနှင့် တရားဥပဒေစိုးပိုးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ ဥရောပသမဂ္ဂမှ အဆင့်မြင့် အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်းက အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ နည်းလမ်းကျသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ကျန်ရှိသည့် နှစ်ခန့်ကျော်ကာလတွင် အခြေခံကောင်းများ ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုင်းခန်းကူညီကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့သမ္ပတ်ပြုပြင်ရေးအတွက် ဥရောပသမဂ္ဂ၏ အကူအညီများ သည် အရေးကြီးလှပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရေး၊ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ရည်မှန်းမြဲကြိုးပမ်းဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်းအက်ရ်တန်က ဥရောပသမဂ္ဂအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရေး၊ ပြည်သူ့ဘဝကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေး ကဲ့သို့ ကိုယ်ပိုင်ကိုယ်ကျ ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာတွင် တာဝန်ယူမှုရှိသည့် စီးပွားရေး လုပ်ငန်းများ ဖြစ်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် စီးပွားရေး ဖိုရမ်တွင် ကမ္ဘာလည် ခရီးသွား လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်နှင့်အခြေခံအဆောက်အအုံ လုပ်ငန်း၊ စီးပွားရေးပတ်ဝန်းကျင် အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းဟူသည့် လုပ်ငန်း၅ယ်ယ် (၅)ရပ်နှင့်တသက်၍အစုအဖွဲ့များ အလိုက် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ယင်းလုပ်ငန်းတို့ကို ရည်မှန်းဖြိုကြိုးပမ်းဆောင်ရွက်ရန် ပြုလုပ်ကြရာတွင် ကိုယ်ပိုင်ကိုယ်ကျ ကူညီပံ့ပိုးမှုများ ပြုလုပ်ကြရာတွင် ဘာဝန်ယူမှုရှိသည့် စီးပွားရေး လုပ်ငန်းများ ဖြစ်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် ဖိုရမ်တွင် ကမ္ဘာ့ဈေးကွက်ကြီးတွင် ရပ်တည်ရေးအတွက် ကိုယ်ပိုင်ကိုယ်ကျ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကုမ္ပဏီ ၁၀ ကျော်မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြပြီး ကိုယ်ပိုင်ကိုယ်ကျ ကူညီပံ့ပိုးမှုများ ပြုလုပ်ကြရာတွင် ကုန်ကျစရိတ်ကို ကာကွယ်ထိန်းချုပ်ခြင်း၊ ကုန်ထုတ်ကုန်ကောင်းမွန်ရေးနှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးတို့ကို ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ကုန်ကြမ်းပစ္စည်းထုတ်ယူခြင်း၊ ကုန်ပစ္စည်းထုတ်ယူပို့ဆောင်ခြင်း၊ ကုန်ကူးသွယ်ရေးနှင့် ကုန်ကြမ်းပစ္စည်းထုတ်ယူခြင်းတို့ ပြုလုပ်ကြရာ ကုန်ကျစရိတ်ကို ကာကွယ်ထိန်းချုပ်ခြင်း ကဲ့သို့ ကုန်ကျစရိတ်ကို ကာကွယ်ထိန်းချုပ်ခြင်းနှင့် ပတ်သက်ပြီး ကုန်ကြမ်းပစ္စည်းထုတ်ယူ

ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဦးခင်ရီ၊ နိုင်ငံခြားသံတမန်များ ပေါက်တောမြို့နယ် ကြိမ်နီပြင်ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၄

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Derek Mitchell ၊ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Christoph Burgemer ၊ ဗြိတိန်နှင့် သြစတြေးလျနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်များနှင့်အတူ နိုဝင်ဘာ ၁၁ ရက်မွန်းလွဲပိုင်းတွင် ပေါက်တောမြို့နယ် ကြိမ်နီပြင်ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြပြီး စခန်းအတွင်းနေထိုင်သူများနှင့် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များက ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်စဉ်အပေါ် နိုင်ငံတကာမှ ပံ့ပိုးကူညီမှု၊ ယင်းပံ့ပိုးမှုများအပေါ် လုပ်ငန်းလိုအပ်ချက်များ ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်ချက်များအား မျက်မြင်ကိုယ်တွေ့ဖြစ်စေရေးအတွက် လာရောက်ခဲ့မှု၊ လုပ်ငန်းအခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ယာယီကယ်ဆယ်ရေးစခန်း၌ နေထိုင်သူများက စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ မူလဒေသသို့ ပြန်လည်ပြောင်းရွှေ့ခွင့်ရရှိနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယာယီကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်စေရေးအတွက် ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် သံအမတ်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် သံအမတ်ကြီးများသည် ညနေပိုင်းတွင် ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (RIDP) မှ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အစ္စလာမ် အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ စစ်တွေဟိုတယ်အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံကာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေအတွင်း သဟဇာတဖြစ်စေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရမ်ပူရပ်ကွက် အမှတ်(၁၅၈၇)တွင် ပါတီရုံးချုပ်တည်ရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒုံးလေးပါတီ)LISU NATIONAL DEVELOPMENT PARTY(L.N.D.P)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုံးလေးပါတီ)၏ အလံပုံစံ
LISU NATIONAL DEVELOPMENT PARTY (L.N.D.P)

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုံးလေးပါတီ)၏ တံဆိပ်ပုံစံ
LISU NATIONAL DEVELOPMENT PARTY (L.N.D.P)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုံးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY(L.N.D.P)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်အနည်းငယ်အေး

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်ကားဈေးကွက်တွင် ကားအရောင်းအဝယ်အနည်းငယ်အေးနေကြောင်း ရန်ကုန်မြို့ကားပွဲစားတန်းမှ သိရသည်။

လက်ရှိတွင် ကားဈေးကွက်အေးနေပြီး မော်ဒယ်မြင့် ကားများဖြစ်သည့် Mitsubishi RVR wagon များမှာ ၂၀၁၂ ထုတ်ဖြစ်ပြီး အရောင်အသွေးနှင့် ပုံစံမှာလည်း လူကြိုက်များပြီး အရောင်းဝယ်သွက်နေကြောင်း၊ Toyota Klugger, Land Cruiser, Surf အမျိုးအစားများ အနည်းငယ်သာ ဝယ်လက်ရှိကြောင်း သိရသည်။ "ဒီနေ့မှပဲ Mitsubishi RVR ကားတစ်စီး ကျပ်သိန်း ၄၀၀ နဲ့တစ်စီး ရောင်းထွက်တာ၊ တစ်စီးနဲ့တစ်စီး အရောင်းထွက်ဖို့ တော်တော်ကြာတယ်"ဟု သီရိမင်္ဂလာဈေးဟောင်း ကားပွဲစားတန်းမှ ဝယ်/ရောင်းတစ်ဦးကပြောသည်။

ယခု ယာဉ်အိုယာဉ်ဟောင်းတစ်စီးပေါက်ဈေးမှာ (အ) နံပါတ်များတွင် ကျပ်သိန်း ၁၀၀ ဖြစ်နေပြီး အမည်ပေါက်လိုက ငါးသိန်းခန့်ပိုပေးနေရကြောင်း သိရသည်။ ယခင် ယာဉ်အိုယာဉ်ဟောင်းအပ်ကားအနိမ့်များဖြစ်သည့် (ထ၊ ၈၂) စသည့် နံပါတ်များမှာ ၈၀ ရာခိုင်နှုန်းသာ ဈေးကွက်ပေါက်နေပြီး အဆိုပါ ယာဉ်အိုယာဉ်ဟောင်း တစ်စီး အပ်လျှင် ကျပ်သိန်း ၆၀ ကျော်ရမည်ဖြစ်ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း-NLM)**

ကျောက်ဒိုးအားကစားသမားများ ရွှေတံဆိပ်ရရှိရေး အပြင်းအထန်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၁၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအား ကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မကြာမီရက်ပိုင်းအတွင်း ကျင်းပမည်ဖြစ်ရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် Sports Village Comp Lex ရှိ Petanque Sports Venue ၌ ကျင်းပမည့် ကျောက်ဒိုးပစ် (Petanque Sports) ကစားနည်းတွင် မြန်မာ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း စသည့် နိုင်ငံပေါင်း ခုနစ် နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် နည်းစနစ် ၁၁ မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှစတင်၍ (Petanque Sports Ground) ၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် ရွှေတံဆိပ်ဆုများရရှိရေးအတွက် အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ကျောက်ဒိုးပစ် အားကစားသမားများအား ထိုင်းနိုင်ငံမှနည်းပြ Mr. Kasem Promgen၊ Mr. Song Kran Pintidid တို့က အနီးကပ်သင်ကြားပေးပြီး ကျောက်ဒိုးပစ်မြန်မာအားကစားလက်ရွေးစင်အသင်းအုပ်ချုပ်သူ ဦးနေမျိုးလွင် (လက်ထောက်ညွှန်ကြားရေးမှူး)က ကြိုးကြပ်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

(သန်းနိုင်-ဇမ္ဗူသီရိ)

ဥရောပ ဘယ်(လ်)ဂျီယံစပါးမျိုး စံကွက်ရိတ်သိမ်း

ဝါးခယ်မ နိုဝင်ဘာ ၁၄

၂၀၁၂-၂၀၁၃ ခုနှစ် ဥရောပ ဘယ်(လ်)ဂျီယံစပါးမျိုးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာ တောင်သူဦးရွှေပွားဇာ၏လယ်မြေ၌ ပြုလုပ်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးပညာအသိအမြင်များကို ပညာပေးဆွေးနွေးတင်ပြ၍ သီရိမြင့်မြတ်ကုမ္ပဏီ ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံက ဘယ်(လ်)ဂျီယံမျိုးစပါးအကြောင်း အသေးစိတ်တင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သီတာထွန်းက ဆစ်ပိုးကာကွယ်ရန်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြပြီးနောက် ရိတ်သိမ်းခြွေလေ့ရာတွင် တစ်ဧက အခြောက် ၁၄၃ ဒသမ ၃၀ တင်းထွက်ရှိသည်ဟု သိရသည်။ **(၁၈၂)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ယဉ်ကျေးမှုဝန်ကြီးဌာန
(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အသုံးပြုမည့် မီးစက်1250KVA (၆)လုံးနှင့် 1000 KVA (၂)လုံး မောင်းနှင်ရန်အတွက် စက်သုံးဆီဒီဇယ်များ ဝယ်ယူလိုပါသည်-

(က) ပရီမီယာဒီဇယ် 1 Lot

၂။ တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်သည် စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော အရောင်းဆိုင်ရှိရမည်။ တင်သွင်းသော ဒီဇယ်ဆီသည် သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီရမည်။ တင်သွင်းသူသည် သွင်းကုန် လိုင်စင်ဖြင့် တင်သွင်းသူဖြစ်ရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့် နေ့မှစ၍ ရုံးချိန်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီ၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၁၈-၁၁-၂၀၁၃) ရက် ရုံးချိန်အတွင်း (၁၆:၃၀) နာရီတွင် နောက်ဆုံးထား၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီကို လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ
ဖုန်း-၀၆၇ ၄၀၈၄၅၅၊ ၄၀၈၀၃၅၅ ၄၀၈၀၃၇



ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

[၇/ထတပ(နိုင်)၀၇၅၇၃၃]ကိုင်ဆောင်သူ နန်းရတနာဦး၏ ဖခင်ဦးကျော်ထွေးနှင့် ဦးခွန်ကျော်ထွေး[၇/ထတပ(နိုင်)၀၅၀၇၁၄]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

Myanmar Emperor International Co.,Ltd ၏
Managing Director ဦးစိုးမင်းထက်အား Mr.Jang က
အနှုံးအညွှတ် တောင်းပန်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ Mr.Jang Kang Jin(PP No.SM 0315612) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ Mr.Jang သည် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ အမှတ်-A-7၊ အခန်းအမှတ်- ၃၀၁ တွင် ကိုရီယားနိုင်ငံတွင် တည်ထောင်ထားသည့် Ko Myanmar Co.,Ltd အမည်ဖြင့် ရုံးခွဲဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်နေသူဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ယင်းကဲ့သို့ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများကို ကိုရီယားနိုင်ငံသားများ ဆောင်ရွက်နိုင်စေရန် Myanmar Emperor International Co.,Ltd ၏အကူအညီကို ရယူဆောင်ရွက်ရကြောင်း သိရှိရပါသည်။

MEI Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းထက်က မန္တလေးမြို့တွင် ဆောင်ရွက်လျက်ရှိသော Solar Power Plant Projectတွင် ကိုရီယားနိုင်ငံရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခဲ့ရာ၌ ကျွန်ုပ်တို့၏ မိတ်ဆွေ Mr.Jang က အကျိုးဆောင်ခ မရရှိသဖြင့် ဦးစိုးမင်းထက်အား မရမ်းကုန်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် The Lady ဂျာနယ်တွင်လည်း ဖော်ပြခဲ့သည်ဟု သိရှိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် MEI Co.,Ltd ၏မန်နေဂျင်းဒါရိုက်တာအပေါ် အထင်အမြင် လွဲမှားတိုင်ကြားခဲ့ခြင်းဖြစ်သဖြင့် ဦးစိုးမင်းထက်အား အနှုံးအညွှတ်တောင်းပန်ပါကြောင်း ဦးစိုးမင်း ထက်နှင့် အများသိစေရန် လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးသန်းအောင် **ဦးစိုးလွင်** **ဦးကျော်ညွန့်** **ဦးမြိုးမောင်မောင်**
တရားလွှတ်တော်ရှေ့နေနှင့် **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
နိုဗြီပမ္ဘလစ်(စဉ်-၂၁၆၄) **(စဉ်-၅၄၆၂)** **(စဉ်-၆၁၇၁)** **(စဉ်-၄၀၃၉၀)**

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လျှောက်ထားနိုးကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက်(၈၀) နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့မြဲ ဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ နိုဝင်ဘာ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံးအစည်းအဝေးခန်းမ၌ အလျှုဝေပေးအပ်လျှောက်ထားနိုးပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

သုတစာပေ၊ ရသစာပေများကိုရေးသား၍ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြကုန်သော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား ထိုက်တန်စွာပူဇော်ကန်တော့နိုင်ရန်အတွက် စာပေကျေးဇူးကို အလေးအမြတ်ပြုကြကုန်သော စေတနာရှင်များအနေဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံဆက်သွယ်၍ သင့်ခွါတရားထက်သန်စွာ ပါဝင်လျှောက်ထားနိုးနိုင်ပါကြောင်း လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဦးစိုးထိုက် - ၀၁-၂၅၂၄၃၇၊ ၀၉-၄၂၁၁၄၆၉၇၈
မြန်မာနိုင်ငံစာရေးဆရာအသင်း
ဦးအောင်ကျော်ဦး - ၀၁-၅၄၄၅၈၂ ၊ ၀၉-၇၃၀၀၆၄၄၁
ညွှန်ကြားရေးမှူး
မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန
ဦးအေးကြွယ် - ၀၁-၃၇၁၃၄၂ ၊ ၀၉-၈၆၃၄၅၅၁၇
ညွှန်ကြားရေးမှူး(ပြန်/ဆက်)

မြန်မာနိုင်ငံစာရေးဆရာအသင်း

အာစရိယပူဇော်ပွဲ

အ. လ. က(၁)ဒဂုံ၊ ယခင် အ. မ. က(၅)ဒဂုံ(ဘိရှော့ဟုမ်း)တွင် ၂၀၁၂-၂၀၁၃ခုနှစ် အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၄-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အလက(၁)ဒဂုံ ကောင်းသုတခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်လျှောက်ထားခြင်းနှင့် ကိုယ်တိုင်တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဆရာမဒေါ်လှလှကြည်-၀၉-၄၄၈၀၁၁၈၄၉ မောင်စည်သူဝင်း-၀၉-၄၂၀၁၀၉၅၃၃
ဆရာမဒေါ်လဲ့လဲ့ဝင်း-၀၉၅၀၃၃၄၁ မောင်ဇင်ရဲလင်း-၀၉-၅၀၂၂၁၄
ဆရာမဒေါ်အေအေ(၂)-၀၉၇၃၀၂၁၀ မောင်ဝင်းမော်ဦး-၀၉-၇၃၀၀၉၄၉၂
ဆရာမဒေါ်သီတာကျော်-၀၉-၄၄၈၀၅၀၆၈၆ မအေးချမ်းဖြူ-၀၉-၅၁၃၇၁၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန ရုံးလုပ်ငန်းတွင် အသုံးပြုရန် အောက်ဖော်ပြပါ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် စျေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Computer and accessories (9) Nos;

၂။ စျေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန၊ ရုံးအမှတ်(၃၆) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနတွင်း ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၆၇-၄၀၈၂၀၁၊ ၀၆၇-၄၀၈၀၆၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသည့်ပုံစံများ စတင်ရောင်းချမည့်ရက် -၁၅-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၅-၁၁-၂၀၁၃ရက်၊ မွန်းလွဲ ၁နာရီ

(တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့)

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း၊ ပျဉ်းမနား)
အာစရိယပူဇော်ပွဲ ပုလဲရတုအကြိုတွေ့ဆုံပွဲဖိတ်ကြားခြင်း

စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း၊ ပျဉ်းမနား)စိုက်ပျိုးရေး၊ သစ်တော(၁၉၈၄-၁၉၉၂) သူငယ်ချင်းများအားလုံး ဆရာကန်တော့ပွဲအတွက် အကြို ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကြို့ကုန်း ဝင်း၊ မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပပြုလုပ် မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

ခင်စန်းဝေ-ဖုန်း-၀၉ ၇၃၀၄၇၇၉၀
သက်သက်နွယ်-ဖုန်း-၀၉ ၄၉၂၄၅၅၁၃၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲအားလုံးအား Live/ Delay ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၄

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ငွေဆောင်တို့တွင် လေးနေရာခွဲ၍ကျင်းပသွားမည်ဖြစ်ပြီး ထည့်သွင်းကျင်းပမည့် အားကစားနည်းအားလုံးအား အများပြည်သူများ ကြည့်ရှုအားပေးနိုင်စေရေးအတွက် MRTV၊ Forever နှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ အောက်ပါအတိုင်း Live/ Delay ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	အားကစားနည်း	ထုတ်လွှင့်မှုပုံစံ		ထုတ်လွှင့်မည့် သတင်းဌာန	ပြိုင်ပွဲကျင်းပမည့် နေရာ
		Live	Delay		
၁။	ဘောလုံး(ကျား/မ)	✔		MRTV/ Forever/ ရွှေသံလွင်	ရန်ကုန်/ နေပြည်တော်/ မန္တလေး
၂။	ဂျူဒို	✔		Forever	နေပြည်တော်
၃။	ပန်ကြပ်ဆီလတ်	✔		Forever	နေပြည်တော်
၄။	ဘော်လီဘော	✔		Forever	နေပြည်တော်
၅။	ဝုရှူး	✔		ရွှေသံလွင်	နေပြည်တော်
၆။	တိုက်ကွမ်ဒို	✔		ရွှေသံလွင်	နေပြည်တော်
၇။	ကရာတေးဒို	✔		ရွှေသံလွင်	နေပြည်တော်
၈။	ပိုက်ကျော်ခြင်း	✔		ရွှေသံလွင်	နေပြည်တော်
၉။	ကြက်တောင်	✔		ရွှေသံလွင်	နေပြည်တော်
၁၀။	စားပွဲတင်တင်းနစ်	✔		ရွှေသံလွင်	နေပြည်တော်
၁၁။	ရေကူး/ဒိုင်ဗင်	✔		ရွှေသံလွင်	နေပြည်တော်
၁၂။	ခြင်းလုံး	✔		ရွှေသံလွင်	နေပြည်တော်
၁၃။	ကာယဗလ	✔		Forever	ရန်ကုန်
၁၄။	အလေးမ	✔		Forever	ရန်ကုန်
၁၅။	နပမ်း		✔	ရွှေသံလွင်	ရန်ကုန်
၁၆။	ကမ်ပို		✔	ရွှေသံလွင်	ရန်ကုန်
၁၇။	ဟော်ကီ		✔	ရွှေသံလွင်	ရန်ကုန်
၁၈။	သေနတ်ပစ်		✔	ရွှေသံလွင်	ရန်ကုန်
၁၉။	ပါတာပိုလို		✔	MRTV	နေပြည်တော်
၂၀။	မြားပစ်		✔	MRTV	နေပြည်တော်
၂၁။	ဘိလိယက်/စနူကာ		✔	MRTV	နေပြည်တော်
၂၂။	ဂေါက်သီး		✔	MRTV	နေပြည်တော်
၂၃။	စစ်တုရင်		✔	MRTV	နေပြည်တော်
၂၄။	ကနား/ကယက်		✔	MRTV	နေပြည်တော်
၂၅။	အနောက်တိုင်းလေ့		✔	MRTV	နေပြည်တော်
၂၆။	ရိုးရာလေ့		✔	MRTV	နေပြည်တော်
၂၇။	ဘတ်စကက်ဘော		✔	Forever	နေပြည်တော်
၂၈။	ပိုဗီနပ်		✔	Forever	နေပြည်တော်
၂၉။	စက်ဘီး		✔	Forever	နေပြည်တော်
၃၀။	ဖူဆယ်(ကျား/မ)		✔	Forever	နေပြည်တော်
၃၁။	လက်ဝှေ့		✔	ရွှေသံလွင်	နေပြည်တော်
၃၂။	မွေ		✔	ရွှေသံလွင်	နေပြည်တော်
၃၃။	မြင်းစီး		✔	ရွှေသံလွင်	နေပြည်တော်
၃၄။	ပီတန်း		✔	ရွှေသံလွင်	နေပြည်တော်
၃၅။	ရွက်လေ		✔	Forever	ငွေဆောင်

(သတင်းစဉ်)

ကိုတ္တိမသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မလွင်မာမိုး[၁၂/ဒဂန(နိုင်)၀၂၂၆၆၇]သည် မိခင်အထက်တန်းပြဆရာမ ကွယ်လွန်သူ ခေါ်ညွှန့်ညွှန့်အေး အသည်းအသန် မကျန်းမမာဖြစ်နေ စဉ် အုပ်ထိန်းသူများကို ရိုင်းပျစ်စွာ ပြောဆိုပြီး မိမိ၏ ဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် နောက်နောင် ယင်းနှင့် ပတ်သက်သော ကိစ္စအ၀ဝကို လုံ၀တာ၀နယူမည် မဟုတ်ပါ ကြောင်း။
(မေးမြန်းခြင်းသည်းခံပါရန်)

ဦးထွန်း၀င်း
[၁၂/ဒဂတ(နိုင်)၀၁၄၁၃]

ရန်ကုန်တိုင်းမ်
THE RANGOON TIMES
ဗီယာစတက်သည့်ပစ်အရှိ အကိုးရှုမ်ခိုင်
ပြည်ပူ၊ အရပ် ဘာယန်းသောင်ကြပြီးသား
(Cover Story)
POLITICAL DIALOGUE
ကျွန်တော်ဘာ၀ တစ်စိတ်တစ်ဒေသ
ကြားသမျှတားနေတိုင်း ထွက်ပြီ

ကျာရတ်နှင့် ဝေါ်ကာ ချီလီနှင့် ပွဲစဉ်လွဲချော်မည်

အားကစား

အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်နှင့် နောက်တန်းကစားသမား ကီလီ၀ေါ်ကာတို့သည် ဒဏ်ရာပြဿနာများကြုံတွေ့နေရခြင်းကြောင့် နိုဝင်ဘာ ၁၅ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ချီလီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်နှင့် လွဲချော်မည်ဖြစ်သည်။

စပါးအသင်းနှင့် အင်္ဂလန်နောက်တန်းကစားသမား ၀ေါ်ကာသည် ဒဏ်ရာပြဿနာကြောင့် နိုဝင်ဘာ ၁၃ ရက်က အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် မပါ၀င်နိုင်ခဲ့သည့်အပြင် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည်လည်း ဖူလ်ဟမ်အသင်းအား လီဗာပူးအသင်းက အနိုင်ရရှိခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အင်္ဂလန်၏ ချီလီအသင်းနှင့် ကစားမည့် ပွဲထွက်လူစာရင်းနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ၀ဲလ်ဘက်မှာမူ အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၂၀ တွင် ရှစ်ဂိုးအထိသွင်းယူပေးထားခဲ့သည့်အပြင် ချီလီအသင်းနှင့် ကစားမည့် ပွဲစဉ်တွင်လည်း အင်္ဂလန်အသင်းအတွက် ပါ၀င်လာမည်ဖြစ်သည်။

ကီလီ၀ေါ်ကာနှင့် ဒန်နီယယ်စတားရစ်တို့သည့် ချီလီ၊ ဂျာမနီတို့နှင့် ကစားမည့် အင်္ဂလန်၏ ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်များတွင် ပါ၀င်လာရန် မသေချာသော်လည်း စတီဗင်ဂျာရတ်မှာမူ ဂျာမနီနှင့်ကစားမည့် ခြေစမ်းပွဲတွင် ပါ၀င်လာမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

ငွေကြယ်

စိန့်အက်စ်တီယန်လူငယ်ကစားသမား ကာဇူးမားကို ခေါ်ယူရန် မန်စီးတီးနှင့်အပြိုင် ဘင်နီတက်ဇ်ကြိုးပမ်း

အီတလီစီးရီးအေကလပ် နာပိုလီအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် စိန့်အက်စ်တီယန် လူငယ်ကစားသမား ကာဇူးမားအား ခေါ်ယူနိုင်ရေးအတွက် မန်စီးတီးအသင်းနှင့် အပြိုင်ကြိုးပမ်းသွားရန် အသင့်ရှိနေကြောင်း ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

နာပိုလီအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ဗဟိုနောက်တန်းကစားသမားတစ်ဦး ခေါ်ယူရန် စီစဉ်ထားခဲ့ခြင်းကြောင့် လီဗာပူးအသင်းနောက်တန်းကစားသမားနှစ်ဦးဖြစ်သည့် မာတင်စကာတယ်နှင့် ဒန်နီယယ်အက်ဂါတို့ကို ခေါ်ယူမည်ဟု ဆိုခဲ့သော်လည်း လက်ရှိတွင်မူ စိန့်အက်စ်တီယန်နောက်တန်းကစားသမား ဇူးမားကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည်လည်း နောက်တန်းခံစစ်ပိုင်းအားနည်းမှုကြောင့် အသင်း၏ရလဒ်များ ဆိုးရွားခဲ့သည်ဟုဆိုကာ နည်းပြပယ်လီဂရီနီ အနေဖြင့် ဇူးမားအားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အင်တာမီလန်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီသည် မာလာဂါဂိုးသမား ဝီလီကာဘယ်လီရိုကို ဇန်နဝါရီ အပြောင်းအရွှေ့အတွင်း ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန်လည်း စီစဉ်ထားကြောင်း သိရသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာ၀တီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများ ကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	၃/(၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်	
၁။ ခွဲကျောက်ရွယ်စုံ	၁၃၉၅၀	ကျင်း
၂။ ကျောက်စရစ်	၂၆၇၊ ၂၅	ကျင်း
၃။ မြစ်သဲ	၈၉၅	ကျင်း
၄။ တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက်	-	၁၄-၁၁-၂၀၁၃
၅။ တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်	-	၂၈-၁၁-၂၀၁၃(မွန်းတည့်၁၂နာရီ)
၆။ တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၈-၁၁-၂၀၁၃(မွန်းလွဲ ၂နာရီ)
၇။ တင်ဒါတင်သွင်းရမည့်နေရာ	-	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့
၈။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။	-	လပွတ္တာခရိုင် ဖုန်း-၀၄၂-၈၃၀၄၇၊ ၀၄၂-၈၃၀၄၉

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း အသုံးမလို စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၂)အထည်စက်ရုံခွဲ(ပလိပ်)ရှိ အသုံးမလိုပိုလျှံ စက်နှင့်စက်ပစ္စည်း(အဟောင်း)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) အမှတ်(၂)အထည်စက်ရုံ(ပလိပ်) စက်နှင့်စက်ပစ္စည်း(အဟောင်း) ၂၅ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက်/နေရာ -၁၄-၁၁-၂၀၁၃ရက် ရုံး(၃၇)၊ အထည်အလိပ်လုပ်ငန်း

(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် -၂၉-၁၁-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၁၈၅၊ ၄၀၈၃၃၈

မုခင်း
H/32
POLITICAL DIALOGUE

R.PIYARELAL LEAGUE

ခရစ်ကက်အားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာ့ခရစ်ကက် အားကစားတိုးတက်ဖွံ့ဖြိုးလာစေရေးကို အဓိကရည်ရွယ်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော R.PIYARELAL LEAGUE ခရစ်ကက် အားကစားပြိုင်ပွဲနှင့် ARISTON(ရုံး/ထွက်) ခရစ်ကက် အားကစားပြိုင်များအနက် R.PIYARELAL LEAGUE ခရစ်ကက် အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေပင်လုံခရစ်ကက် အားကစားကွင်း၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

၂၀၁၃ ခုနှစ် R.PIYARELAL LEAGUE ခရစ်ကက် အားကစားပြိုင်ပွဲတွင် YUCC အသင်း၊ AYWCC အသင်း၊ MMPCC အသင်း၊ EOPCC အသင်း၊ MICC အသင်းနှင့် ACC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပွဲဦးထွက်ပွဲအဖြစ် မြန်မာအင်းဒီးယံ (MICC) ခရစ်ကက်အသင်းနှင့် အကယ်ဒမီ (ACC) ခရစ်ကက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအင်းဒီးယံ (MICC) အသင်းက အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားဆုကို ငြိမ်းချမ်းစိုး (ACC)က ဆွတ်ခူးသွားရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်က ဆုချီးမြှင့်သည်။**(ဝဲပုံ)**

ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

တရုတ်ရပ်ရှင်လောက ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ရန် ပြင်ဆင်နေသည့် ကျက်ကီချန်း

ဟောင်ကောင် အက်ရှင်မင်းသား ကျက်ကီချန်းက တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ Qi Jian Hong နှင့် ပူးပေါင်းပြီး JC အင်နာတာတိန်းမန့်ကုမ္ပဏီတစ်ခု ထူထောင်ကာ တရုတ်ရုပ်ရှင်လောကကို ကမ္ဘာအထိ ထိုးဖောက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကုမ္ပဏီသစ်ကနေ အနုပညာကဏ္ဍရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ပါဝင်ပြီး တရုတ်ရုပ်ရှင်လောကကို ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်နိုင်မယ့် အခွင့်အရေးကောင်းတွေရရှိလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ကျက်ကီချန်းက ဆိုသည်။

ယခုလက်ရှိတွင် သရုပ်ဆောင် ကျက်ကီချန်းအနေဖြင့် ယခုနှစ်ကုန်တွင် တရုတ်နိုင်ငံ မြို့တော်ရှန်ဟိုင်း၌ ဖွင့်လှစ်ရန် စီစဉ်ထားသည့် ပြတိုက်တည်ဆောက်ရေးလုပ်ငန်းများတွင် အလုပ်များလျက်ရှိနေပြီး JC အင်နာတာတိန်းမန့်ကုမ္ပဏီနှင့် ပတ်သက်သည့် မည်သည့်စီမံကိန်းမျိုးမှ လုပ်ဆောင်ရခြင်းမရှိသေးကြောင်း သိရသည်။

မျိုးစန္ဒာမောင်

ဂျလို၊ ကေတီပယ်ရီနှင့် အနုပညာရှင်များစွာ ပါဝင်ဖျော်ဖြေမည့် အမေရိကန်ဂီတဆုပေးပွဲ

ဂီတချစ်ပရိသတ်များ၏ မဲဆန္ဒအရ ရွေးချယ်ခံမြှင့်သည့် အမေရိကန်ဂီတဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ နိုကီရာပြဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်ရာ ယင်းအခမ်းအနားတွင် နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဂျနီဖာလိုပက်ဇ်၊ ကေတီပယ်ရီနှင့် R&B နှင့် ဟစ်ဟော့ဂီတအဖွဲ့ဖြစ်သည့် TLC တို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း အခမ်းအနားစီစဉ်သူများက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါအမေရိကန်ဂီတ ဆုပေးပွဲ အခမ်းအနား၏ ဖွင့်ပွဲအခမ်းအနားတွင် တေးသံရှင် ကေတီပယ်ရီက ၎င်း၏ ဒုတိယတစ်ကိုယ်တော် အယ်လ်ဘမ်ထဲမှ Unconditionally သီချင်းဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်ပြီး တေးသံရှင် ဂျနီဖာလိုပက်ဇ်က ၂၀ ရာစုအတွင်းက နာမည်ကျော်ရေပန်းစားခဲ့သည့် တေးသံရှင် Celia Cruz အား ဂုဏ်ပြုဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ထိုအခမ်းအနားအစီအစဉ်များကို အေဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လေဒီဂါဂါ၊ မိုင်လီဆိုင်းယက်စ်၊ One Direction ၊ ဂျက်စတင်တင်မ်ဘာလိတ် စသည့် အခြားသော နာမည်ကျော်တေးသံရှင်များလည်း ပါဝင်ဖျော်ဖြေရန် ကြိုတင်စာရင်းပေးထားကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (တတိယ)အကြိမ်မြောက် မီးပုံးပျံလွှတ်တင်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ တတိယအကြိမ် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ်များအား ဖိတ်ခေါ်အပ်ပါသည်။

ခရိုင်ပြန်/ဆက်

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

အမှတ်(၁၀၁) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(နေပြည်တော်)နှင့် အမှတ် (၂၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မူဆယ်) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၂ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ် နမ့်ခမ်းမြို့ နောင်တိန်းရွာ ကူးတို့ဆိပ်အနီးတွင် နမ့်ခမ်းမြို့ ရပ်ကွက် (၉) မဂ်လာကွက်သစ်နေ ဖုံးဆွေဖိန်း(၃၂)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေခဲ့ရာ ၎င်းလွယ်ထားသည့် အိတ်အတွင်းမှ ၈၈ နှင့် ၁ စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀ စုစုပေါင်းဆေးပြား ၁၀၈၅၀ ၊ ဘိန်းစိမ်း ၄၇၀ ဂရမ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၁ ဒသမ၇ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် ဖုံးဆွေဖိန်းအား နမ့်ခမ်းမြို့မရဲစခန်းက မယ(ပ)၈၂/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ အမှတ်(၁၀၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု နှင့် အမှတ် (၂၄)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ရှမ်းပြည်နယ် နောင်ချိုမြို့အဝင် ဘုန်းကြီးကျောင်းရှေ့တွင် လားရှိုးမှ မန္တလေးသို့ စစ်ကိုင်းတိုင်း ဒေသကြီး တန့်ဆည်မြို့နယ်နေ မောင်ဘဏ်(၂၅)နှစ် မောင်းနှင်ပြီး ၎င်းနှင့် မြို့နယ်တည်းသားများဖြစ်ကြသည့် တင့်ဆွေ (၅၀)နှစ် လိုက်ပါလာသော ဆိုင်ကယ်နှင့် မောင်မြို့(၃၇)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ တင့်ဆွေ၏ လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၈ ကီလို တန်ဖိုးငွေကျပ် ၃၀ ဒသမ ၄ သိန်းအား သိမ်းဆည်းရမိခဲ့သဖြင့် မောင်ဘဏ်၊ တင့်ဆွေနှင့်မောင်မြို့တို့ သုံးဦးအား နောင်ချိုမြို့မရဲစခန်းက မယ(ပ)၆၈/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ရဲမြန်ကြား)

ပခုက္ကူ။ မြို့တွင် အမျိုးသားတစ်ဦးကြိုးဆွဲချသေဆုံး

ပခုက္ကူ နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက်တွင် နိုဝင်ဘာ ၁၁ ရက်က အမျိုးသားတစ်ဦး ကြိုးဆွဲချ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့မရဲစခန်းတွင် နိုဝင်ဘာ ၁၁ ရက် ည ၉ နာရီ ၁၀ မိနစ်က ဒုရဲအုပ်ကျော်ဇင်ဦးတာဝန်မှူးတာဝန်ဖြင့် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိစဉ် အမှတ်(၈) ရပ်ကွက် လွတ်လပ်ရေးလမ်းနေ ကိုသော်ဇင်(၂၃)နှစ်သည် ၎င်း၏ညီ ညီညီဇင်(၁၉)နှစ် ဆိုင်ကယ် ကယ်ရီမောင်းသည် နေအိမ် အောက်ထပ်ရှိ ၎င်း၏အိပ်ခန်း အတွင်း၌ ကြိုးဆွဲချ သေဆုံးနေသည် ကိုတွေ့ရှိရ၍ ဆေးရုံကြီးသို့ သယ်ဆောင်လာကြောင်း ပြောပြ သိရှိရ၍ ကြည့်ရှုစစ်ဆေးရာ ညီညီဇင်၏ လည်ပင်းတွင်ကြိုးဒဏ်ရာ အညိုအမည်းများနှင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မှုခင်းဆေးစာ ပေးပို့ထားရှိပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းဖွင့်၍ စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၃၁)

မန်စီမြို့နယ်အတွင်း တရားမဝင်သစ်များ၊ လိုင်စင်မဲ့ကျွဲ၊ နွားများနှင့် ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်၏အဖိုးတန် သယံဇာတများ မဆုံးရှုံးစေရေး ကျင့်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်း တရားမဝင်အဖိုးတန်သစ်များ ခုတ်လှဲ၍ စုပုံခြင်း၊ တစ်ဖက်နိုင်ငံများသို့ သစ်မှောင်ခိုကုန်သည်များ သစ်ခိုးထုတ်ယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းဖော်ထုတ်ရရှိသဖြင့် ဒေသအတွင်း တရားမဝင်သစ်ခုတ်လှဲခြင်း၊ ခိုးယူခြင်းမရှိစေရေးနှင့် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ မဆုံးရှုံးစေရေး နယ်မြေခံတပ်များမှ နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် သတင်းဖော်ထုတ်ရှင်းလင်းခဲ့ရာ မန်စီမြို့နယ် ရိုးရူးမန်ခံကျေးရွာအနီး၌ တရားမဝင်သစ်မျိုးစုံ တန် ၂၀၀ ခန့်နှင့် ယာဉ်မျိုးစုံ ၂၁ စီးအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါဖမ်းဆီးရမိ တရားမဝင်သစ်များနှင့် ယာဉ်များအား ဗန်းမော်သစ်တောရုံးသို့ ပို့ဆောင်အပ်နှံခဲ့သည်။

ကချင်ပြည်နယ် ဗန်းမော်၊ မန်စီ၊ မိုးမိတ်၊ မိုးမောက်နယ်မြေအတွင်း ယခုနှစ်ပွင့်လင်းရာသီ၌ တရားမဝင်သစ်မှောင်ခိုကုန်သည်အဖွဲ့များသည် နယ်မြေခံ လက်နက်ကိုင်အဖွဲ့များ၏ အကူအညီရယူ၍ တရားမဝင်နိုင်ငံခြားသားများနှင့် ပေါင်းစပ်ကာ မြန်မာနိုင်ငံ၏ အဖိုးတန် သစ်၊ ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မှုကို ဩဂုတ် ၅ ရက်မှ နိုဝင်ဘာ ၁၂ ရက်ထိ နယ်မြေခံတပ်များမှ သတင်းဖော်ထုတ်ရှင်းလင်းဖမ်းဆီးခဲ့ရာ ကျွန်းသစ်အပါအဝင် တရားမဝင်သစ်မျိုးစုံ ၉၃၄ ဒသမ ၃၀၂ တန်၊ ယာဉ်မျိုးစုံ ၉၂ စီး၊ ကျွဲ၊ နွား ၁၂၈ ကောင်၊ နိုင်ငံခြားသားတစ်ဦး အပါအဝင် တရားမဝင်သစ်ခိုးထုတ်သူ ၅၃ ဦး ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

ထပ်မံ၍လည်း ဆက်စပ်သတင်းဖော်ထုတ်ချက်များအရ ကချင်ပြည်နယ် မန်စီ၊ စီအူ၊ နမ့်လင်းပါ၊ ကောင်ဂျာ၊ မိုင်းခေါင်၊ မဂျီဝွမ်၊ မိုးမိတ် နယ်မြေအတွင်းမှ နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ ဆုံးရှုံးမှုမရှိစေရေး နယ်မြေခံတပ်များမှ ဆက်လက်ရှင်းလင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ရပ်ထားသည့်ကုန်ကားအား ဆိုင်ကယ်ဝင်တိုက်ရာမှ ဆိုင်ကယ်စီးသူသေဆုံး

ဝမ်းတွင်း နိုဝင်ဘာ ၁၄

ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၄/၁) အနီး၌ နိုဝင်ဘာ ၁၂ ရက် ည ၁၂ နာရီက ၂၂ ဘီးကုန်တင်ယာဉ်အမှတ် ၆၈/----သည် မန္တလေးမှ ရန်ကုန်သို့ ကုန်ပို့ရန်အသွားစက်ပျက်၍ ကားလမ်းဘေးတွင် ရပ်ထားစဉ် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာနေ ဦးဝင်းလှိုင် (၅၈)နှစ် မောင်းနှင်လာသော ရင်ဇင်း(၁၁၀)ယာဉ်အမှတ် ၂၂ယ/--- ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ ရပ်ထားသော ကုန်တင်ယာဉ်၏ညာဘက်နောက်မြီးပိုင်းအား အရှိန်ဖြင့်ဝင်ရောက်တိုက်မိရာ ဦးဝင်းလှိုင်မှာ နေရာတွင်ပင်သေဆုံးခဲ့သည်။ ၎င်းယာဉ်တိုက်မှုကို ဝမ်းတွင်းမြို့မရဲစခန်းက ယာဉ်(ပ) ၃၇/ ၂၀၁၃၊ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

(တင်လှိုင်-မိတ္ထီလာ)



၁၂-၁၁-၁၉၇၂ မှ ၁၂-၁၁-၂၀၁၃

** လေးဆယ့်တစ်နှစ်ရှိပြီလေ---
နှစ်တွေ နှစ်တွေ အတော်တောင်ညောင်းခဲ့ပါပြီပဲ
မဟောင်းတာ မပြောင်းတာကတော့
ကျွန်တော်တို့ ကျွန်မတို့ရဲ့ အချစ်မြေ။

* နှစ်ယောက်တစ်ဘဝမှာဖြင့်
တမ်းတစရာ လွမ်းစရာ အလွန်များခဲ့ပါရဲ့
ဌက်ကျေးရွှေတမာနှင့်
စာလွှာတွေ ပါးစေခဲ့ရတာလည်း
နှစ်များကြာရှည်။

* သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်----
သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့်----
ဆီမီးမြိုင်မြိုင် နံ့သာတိုင်နှင့်----
ဘုရားရှင့် ရှေ့တော်ပါးမှာလ
ဝပ်တွားကာ တစ်ဖဝါးမခွာရဲခဲ့ပါဘူး
ဆုတောင်းတွေ အခါခါဝေ
မောခဲ့ရပါပေရဲ့ ဘဝဇာတ်ကြောင်း။

* သည်လိုနှင့်သာ----
ချစ်ခြင်းမေတ္တာနှင့်
သစ္စာတရားတွေ ဖွဲ့နှောင်ချည်လို့
အိမ်ထောင်တည် ချစ်ခရီးမှာလ----
ဘဝတွေ ထပ်တူကျလာတော့
ဝေမျှကာ ခံစား စံစားခဲ့ကြပါရဲ့
ဘဝဆိုတာ သည်အလှမျိုးပါပဲ့
ကြည်နူးစွာ မွေ့ပျော်ခဲ့တာပေါ့
ရင့်ကျက်စွာ အချစ်အကြင်နာ အသစ်တွေနှင့်
စွဲနစ်မိကြောင်း ။ ။

အေးမြင့်ကြူ+ခင်ဆွေမြင့်

ဒေါင်းစာပေတိုက်မှ ထုတ်ဝေခဲ့သော စာအုပ်များနှင့် သတင်းစာ ဆရာကြီး/စာရေးဆရာကြီး မောင်ဝံသ ရေးသားခဲ့သော စာအုပ်စာမူများနှင့်ပတ်သက်၍ သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း(အထက်)၊ အမှတ်(၃၀၀)၊ အခန်း(၆/အေ)၊ ဇီဇဝါအိမ်ရာတွင်နေထိုင်သော ဒေါ်မြင့်မြင့် [၁၂/ကတန(နိုင်)၀၀၂၇၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဒေါင်းစာပေတိုက်သည် သတင်းစာဆရာ/စာရေးဆရာကြီး မောင်ဝံသ၏ စာမူနှင့်စာအုပ်များအပါအဝင် အခြားစာရေးဆရာများ၏ စာအုပ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံး ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ဒေါင်းစာပေတိုက်မှထုတ်ဝေသော ဒေါ်မြင့်မြင့် မူပိုင်ခွင့် ရရှိထားသည့် ခင်ပွန်းဖြစ်သူ ဆရာကြီးမောင်ဝံသ၏ ထုတ်ဝေပြီးစာအုပ်များနှင့် စာမူများကို အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဒေါ်မြင့်မြင့်နှင့် မိသားစု၏ ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ ကူးယူခြင်း၊ ရိုက်နှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။ လျှုဒါန်းခြင်း စသည်ဖြင့် မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အဆိုပါစာအုပ်များကို ကူးယူပုံနှိပ်ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရရှိဘဲ ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဝိုးထွန်း (ထီးချိုင့်)
LL.B(Q), D.B.L(စဉ်-၈၂၂၅)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးရာအတိုင်ပင်ခံ

ဦးဗိုးဗိုးထွန်း (စဉ်-၁၈၈၂)
B.A(Eco), H.G.P, R.L
တရားလွှတ်တော်ရှေ့နေကြီး

LINO MASTER LAW FIRM
အမှတ်-၂၂၉၊ ပထမထပ်(ယာ)၊ ၃စလမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃၊ ၀၉-၅၁၆၅၅၆၄

သန်းခေါင်စာရင်းကောက်ယူရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

စဉ်ကိုင် နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်နံနက် ၁၀ နာရီတွင် ကသဲကုန်းကျေးရွာ သဲရွှေပြည်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးက ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းကောက်ယူရေးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြည်သူများမှ ဖြေဆိုရမည့်မေးခွန်းများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ သန်းခေါင်စာရင်းကောက်ယူခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးက လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရမှုဖြစ်စဉ်များကို ဟောပြောဆွေးနွေးသည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပေးလက်ကမ်း စာစောင်များကို ဝေငှခဲ့ကြောင်းသိရှိရသည်။

(ထွန်းထွန်းနိုင်-ကျောက်ဆည်)

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်အကြံပြုဆွေးနွေး

မြန်အောင် နိုဝင်ဘာ ၁၄

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်အကြံပြုဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ရက်၊ ၂၂ရက်နှင့် ၂၈ရက်၊ ၂၉ရက်တို့တွင် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀۸) လေ့လာသုံးသပ်ရေး ကော်မတီဝင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေက ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ကူးပြောင်းရာတွင် ပြောင်းလဲနေသော အချိန်အခါနှင့်အညီ ပြင်သင့် ပြင်ထိုက်သော ပုဒ်မများ၊အကြောင်းအရာများ၊ လေ့လာသုံးသပ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို ဘက်ပေါင်းစုံအမြင်နှင့် ပြည်သူများ၏အသံ ဆန္ဒကိုထင်ဟပ်၍ အကြံပြုဆွေးနွေးကြရန် ဆွေးနွေးပြောကြားကြောင်းသိရှိရသည်။

(ဝင်းဗိုလ်)

မန္တလေးမြို့တွင်းလမ်းများ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးမြို့တွင်း လမ်းများတွင် နံနက်ခင်းကျောင်းပို့ချိန်၊ ညနေကျောင်းဆင်း၊ ရုံးဆင်းချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မန္တလေးမြို့တွင်း တစ်လမ်းမောင်းစနစ် သတ်မှတ်ထားသော စာလမ်းတွင် မြို့မအဆင့်မြင့် ရုပ်ရှင်ရုံအနီး လမ်းဘေးဝဲယာ၌ ပုံကျဈေးသည်များ တည်ခင်းရောင်းချသဖြင့် အထက(၁) (၂) (၁၅) ကျောင်းပို့ယာဉ်များ ရှုပ်ထွေးကာ နံနက်ခင်းတွင် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ စ၂လမ်းနှင့် ၂၉လမ်းထောင့်တွင်လည်း ကျောက်ဆည်၊ မြစ်သား ယာဉ်ငယ်များ တရားမဝင်ဂိတ်ထိုး၍ခရီးသည် တင်ဆောင်မှု၊ ဘုရားသုံးဆူဘုရားဝန်းကျင် အဝေးပြေးကုန်တင်ယာဉ်များ ဝင်ရောက်ကုန်တင် ကုန်ချပြုလုပ်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။ ဈေးချိုအနီး စ၄လမ်း နှင့် ၂၉လမ်းဆုံတွင် မြို့တွင်းခရီးသည်တင်ယာဉ်များ ယာဉ်နှစ်ထပ်၊ သုံးထပ်ရပ်ကာ ခရီးသည်တင်ဆောင်မှုများ ကြောင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖစ်ပေါ်လျက်ရှိသည်။ မန္တလေးမြို့ဈေးချိုအနီး ယာဉ်ရှုပ်ထွေးဆုံးနေရာနှင့် နေ့စဉ်ယာဉ်မတော်တဆမှု ဖြစ်ပွားရာ နေရာတို့တွင် ယာဉ်ထိန်းရဲနှင့် ယာဉ်လိုင်းများ ကြီးကြပ်ရေးအဖွဲ့များ တာဝန်ချထားမှုမရှိ၍စည်းကမ်းမဲ့စွာ ယာဉ်များ ရပ်တန့်၍ ခရီးသည်တင်ဆောင်နေကြကြောင်း အောင်နန်း အနောက်ရပ်ကွက် ပြည်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်း၊ ၇၄လမ်းနှင့်၇၇လမ်းကြားတွင်လည်း လမ်းမပေါ် အခိုင်အမာအမိုးအကာများဖြင့် ဟင်းသီးဟင်းရွက်နှင့် တရုတ်စားသောက်ဆိုင်များ ဖွင့်လှစ်ထားရာ နေ့စဉ်လမ်းပိတ်ဆို့ပြီးသာရေးနာရေး ယာဉ်များပင် ဝင်ထွက်မရဖြစ်နေကြောင်း ရပ်ကွက်ပြည်သူတစ်ဦးက ပြောကြားသည်။

(မောင်ပြည်သူ-မန္တလေး)

ရမည်းသင်းမြို့၌ လျှပ်စစ်မီး ၂၄ နာရီရရှိရေး အလေးထားဆောင်ရွက်

ရမည်းသင်း နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့သည် မြို့ပေါ် ငါးရပ်ကွက်ရှိသော ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ယခင် (33/11) 1100KVA မိန်းထရန်စဖော်မာ တစ်လုံးနှင့် 500KVA နှစ်လုံးသာရှိပြီး ဝန်အားမနိုင်နင်း၍ အလှည့်ကျ လျှပ်စစ်မီးပေးသောစနစ်ကျင့်သုံးလာသောမြို့ဖြစ်ပြီး သောက်သုံးရေရှားပါး၍ နှစ်ပေါင်းများစွာအခက်အခဲဒုက္ခများကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်လွန်ခဲ့သော တစ်နှစ်ခန့်က မြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း (33/11)5000KVAမိန်းထရန်စဖော်မာအသစ်ကြီးတပ်ဆင်ပေးပြီးဖြစ်သည့်အတွက် ၂၄နာရီလျှပ်စစ်မီးအချိန်ပြည့်ရရှိသည်မှာတစ်နှစ်ကျော်ရှိနေပြီးဖြစ်သော်လည်း မြို့တွင်းတပ်ဆင်ထားသော ထရန်စဖော်မာများ ဝန်အားနိုင်နင်းမှုမရှိသေးသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖအထောက်အကူအဖွဲ့တို့မှ မြို့နှုယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ရန် တင်ပြတောင်းခံခဲ့ရာ မြို့ပေါ် ငါးရပ်ကွက်အတွက် 11/4 315 KVA ထရန်စဖော်မာ ခြောက်လုံးတပ်ဆင်ခွင့်ရရှိ၍ ၎င်းထရန်စဖော်မာအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်းများ တို့ချဲ့တပ်ဆင်ခြင်းတို့ကို မြို့နယ်ပြည်သူအလျှုရှင်များမှ ပူးပေါင်းထည့်ဝင်လျှဒါန်း၍ စတင်ဆောင်ရွက်လျက်ရှိရာ ဝါတိုးရပ်ကွက်ကြီး ဘောလုံးကွင်းအနီးစတင်တည်ဆောက်နေပြီဖြစ်ပြီး မကြာမီလျှပ်စစ်ဓာတ်အားများ ဝန်အားအပြည့်အသုံးပြုရမည်ဖြစ်သည့်အတွက်မြို့သူမြို့သားများ ဝမ်းသာနေကြသည်။ မြို့ပေါ်ရပ်ကွက်များတွင် လက်ရှိအသုံးပြုလျက်ရှိသော 11/4ထရန်စဖော်မာများကို ရေရှည်ကြံ့ခိုင်တည်တံ့ခိုင်မြဲရန် သုံးစွဲမှုဝန်အားမျှတမှုရှိ/မရှိတာဝန်ကျလျှပ်စစ်အလိုင်းမင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်နေဦးတို့ ကိုယ်တိုင်လိုက်ပါလျက် နိုဝင်ဘာ ၁၂ရက် ည ၉ နာရီတွင် စည်ပင်သာယာလမ်းကျုံးထောင့်တွင်ရှိ သော 11/4 315 KVAထရန်စဖော်မာအား ဝန်အားသုံးစွဲရာတွင် နိုင်နင်းမှုရှိ/မရှိတိုင်းတာ စစ်ဆေး၍အလေးထားဆောင်ရွက်နေကြောင်းတွေ့ရသည်။

တင်ဦး(ရမည်းသင်း)

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-095(2013-2014)	Skid Mounted Water Transfer Pump With Motor Driven	(2) Units	US$
(၂)	IFB-096(2013-2014)	2900 Series Well Head Equipment &Accessories	(4) Sets	US$
(၃)	IFB-097(2013-2014)	1500 Series Well Head Equipment & Accessories	(6) Sets	US$
(၄)	IFB-098(2013-2014)	900 Series Well Head Equipment & Accessories	(12)Sets	US$
(၅)	IFB-099(2013-2014)	228D-246-86 Type Pumping Unit	(1)Set	US$
(၆)	IFB-100(2013-2014)	160D-173-74 Type Pumping Units	(5)Sets	US$
(၇)	IFB-101(2013-2014)	114D-119-48 Type Pumping Units	(6)Sets	US$
(၈)	IFB-102(2013-2014)	80D-133-54 Type Pumping Units	(5)Sets	US$
(၉)	IFB-103(2013-2014)	40D-76-48 Type Pumping Units	(8)Sets	US$
(၁၀)	IFB-104(2013-2014)	2 7/8" & 2 3/8" EUE Tubing	(2)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက်(တနလ်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လူနာများကို ဆေးကုသပေးနိုင်ရေးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူမှ အဆိုပါနေရာများ၏ ခရိုင်/ မြို့နယ်ဆေးရုံများရှိ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက် - ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မကွေးတိုင်းဒေသကြီး၊ ပြည်တော်သာလမ်း၊ မကွေးမြို့
ဖုန်း-၀၆၃-၂၃၅၇၆၊ ၀၆၃-၂၅၉၃၈

စတန်~၁၀တန် လမ်းကြိတ်စက် ရောင်း/ငှား

ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂

ကြံခင်းဌ ကြံဖက်သက်ငယ် အဝယ်လိုက်

တောင်ငူ နိုဝင်ဘာ ၁၄

တောင်ငူခရိုင်အတွင်း ကြံစိုက်ပျိုးရေးဒေသအသီးသီးတွင် စိုက်ပျိုးထားရှိပြီးသော ကြံစိုက်ခင်းများ မခုတ်သိမ်းမီကျေးလက်နေသူများသည် ကြံဖက်သက်ငယ်များပျစ်၍ရောင်းချပြီး ကြက်ခြံ၊ အုတ်တဲနှင့် နေအိမ်များအတွက် လိုအပ်လျက်ရှိသည့် သက်ငယ်ပျစ်များကို ပွင့်လင်းရာသီကြို လုပ်ငန်းများအတွက် အဝယ်လိုက်ကြောင်းသိရသည်။

ကြံဖက်သက်ငယ်တစ်ရာလျှင် ငွေကျပ်၅၀၀ မှ ၆၀၀ဝန္တန်းဖြင့်ရောင်းချရပြီး ကြံစိုက်ပျိုးဧရိယာများနှင့် ဆက်စပ်နေသောဒေသများတွင် ကြံဖက်သက်ငယ် ပျစ်၍ရောင်းချခြင်းဖြင့် ဒေသခံများဝင်ငွေရလျက်ရှိသည်။

နေအိမ်များအမိုး မိုးရာတွင် အသုံးများသောအင်ဖက်၊ ကြံဖက်နှင့် သက်ငယ်ဟူ၍သုံးမျိုးရှိပြီး ကြံဖက်သက်ငယ်အသုံးများကြောင်း သိရသည်။

(ကိုလွင်-ဆွာ)

မြန်အောင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ယာဉ်များစည်းကမ်းတကျရှိစေရေးဆောင်ရွက်

မြန်အောင် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မရဲစခန်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် နေ့စဉ်ပြည်သူများယာဉ်စည်းကမ်းရှိစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်အောင်မြို့မရဲစခန်းမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် နံနက်ပိုင်းတွင် မြန်အောင်မြို့ နေခြည်ဈေးလူစည်ကားချိန်များတွင် လည်းကောင်း၊ အခြေခံပညာကျောင်းများတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် လည်းကောင်း ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး ကြီတင်ကာကွယ်သည့်အနေဖြင့် နေ့စဉ်တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။**(ဝံပုံ)**

(နေဝင်းဇော်-မြန်အောင်)

ကမ္ဘာလှည့်ခရီးသွားများ မြန်မာသတင်းစာများစိတ်ဝင်စား

ရန်ကုန် နိုဝင်ဘာ ၁၄

ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုဖြစ်သော ရန်ကုန်မြို့တော်သို့ အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ယခုအခါ အစုလိုက်အဖွဲ့လိုက် လမ်းလျှောက်၍ မြန်မာတို့၏ ပုံရိပ်များကို ရိုက်ကူးမှတ်တမ်းတင် နေကြသည်။ ရန်ကုန်မြို့လယ် ဆူးလေကားမှတ်တိုင်အနီးရှိ မီးစက်တစ်ခုပေါ်တွင် လက်ပွေ့ဈေးသည်တစ်ဦးက

နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များကိုခင်းကျင်းရောင်းချနေရာ ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားစရာနေရာတစ်ခု ဖြစ်လာစေသည်။

နိုင်ငံခြားသားများနှင့် အတူပါလာသော ဧည့်လမ်းညွှန်သည် နေ့စဉ်ထုတ် သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များကို ခွဲခြားပြသသည်။ **(ဝံပုံ)**

ထို့အပြင် နေ့စဉ်ထုတ်သတင်းစာများမှ နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကပိုင် သတင်းစာများနှင့် တန်ဖိုးဈေးနှုန်းများ၊ သတင်းစာအသီးသီးတို့၏ အာဘော်များကို စိတ်ရှည်လက်ရှည်ရှင်းပြပါသည်။ စိတ်ဝင်တစ်စားကြည့်ရှုနေကြသောနိုင်ငံခြားသားများ၏ တအံ့တသြဖြစ်နေပုံမှာ ကြည်နူးဖွယ် မြင်ကွင်းတစ်ရပ်ဟု ဆိုချင်ပါသည်။ **(၇ဝ၁)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများ ထောက်ပံ့

ရန်ကုန် နိုဝင်ဘာ ၁၄ရက်

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ဖူးပေါင်းလျှဒါနိုးသည့် ဆေးစိမ်ခြင်ထောင်များနှင့် ဆေးပြားများကို နိုဝင်ဘာ ၄ ရက်က ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စန်းစန်းမာက အင်းစိန်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါ်ရီရီမြင့်အား ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဆေးစိမ်ခြင်ထောင် ၁ဝလုံးနှင့် KOTAB ဆေးပြား ၁၃ ပြားတို့ကို မြို့နယ်အတွက် ဖြန့်ဝေပေးအပ်လိုက်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၆၈၄)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့်အာကာသ) သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့် အာကာသ)သင်တန်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ ဖွင့်လှစ်မည့်သင်တန်းအမျိုးအစားအလိုက် အခြေခံဘွဲ့လိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အခြေခံဘွဲ့လိုအပ်ချက်
၁။	M.E (Aerospace-Propulsion & Flight Vehicles)	B.E (Aerospace-Propulsion & Flight Vehicles)
		B.E (Aeronautical)
၂။	M.E (Aerospace- Avionics)	B.E (Aerospace- Avionics)
		B.E (Electronics)
၃။	M.E (Aerospace- Electrical System & Instrumentation	B.E (Aerospace- Electrical System & Instrumentation)
		B.E (Electrical Power)
၄။	M.E (Aerospace-Fuel & Propellant)	B.E (Aerospace-Fuel & Propellant)
		B.E (Chemical)
၅။	M.E (Aerospace- Space Systems)	B.E (Aerospace- Space Systems)

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) အင်ဂျင်နီယာဘွဲ့သင်တန်းတွင် ပျမ်းမျှကြိမ်ခန့်နး (၆၅)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းဖြစ်ပါက အရည်အချင်းစစ်စာမေးပွဲများတွင် အင်္ဂလိပ်စာနှင့်ဘာသာရပ် နှစ်ခုပေါင်းရမှတ် (၁၂၀)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။)

(ခ) မဟာအင်ဂျင်နီယာဘွဲ့သင်တန်းသို့ စတင်တက်ရောက်သည့်နေ့တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ/ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် စစ်ဆေးမည့်သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး၊ အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လက်ခံမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ အမှတ်စာရင်းမူရင်းနှင့်မိတ္တူတို့ကို တင်ပြရမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၈-၁၁-၂၀၁၃ရက်မှစ၍ ဤတက္ကသိုလ်၌ ထုတ်ယူနိုင်ပြီး၊ ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) ၁၆း၀၀နာရီ နေဝင်ချိန်ထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာများ ပြည့်စုံမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မိတ္တီလာမြို့၌ အောက်ပါအတိုင်း ကျင်းပစစ်ဆေးမည်ဖြစ်ပါသည်။

စဉ်	ရက်စွဲ	ဘာသာရပ်	အချိန်
(က)	၂၁-၁၂-၂၀၁၃	အင်္ဂလိပ်စာ	နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ
(ခ)	၂၂-၁၂-၂၀၁၃	သက်ဆိုင်ရာဘာသာရပ်	နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္တီလာမြို့၊ ဖုန်းနံပါတ် ၀၆၄-၃၅၂၄၂၊ ၀၆၄-၃၅၂၄၄၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဘုရင်ရိန် ACCA & LCCI 1,2,3
Professional စာရင်းကိုင်သင်တန်းများ
Center 1
Center 2
MAS
Enroll Now

HTET OO MARITIME TRAINING INSTITUTE
Whole Package BST Pre-Sea
CDC / Passport
Coffee
BST (4 Tickets)
Tanker Familiarization Course (T.F)
(Oil, Chemical, Liquefied Gas)
Pre-sea Course (Deck , Engine) - (Onboard Excursion)
Deck Officer Class - 5 (NCV)
Ph:01-544562, 09 250278274
Ph: 09 421154771

ပြည်တွင်းရေးရာ

မျက်စိသုံးမျိုး၊ အမြင်သုံးမျိုး

မောင်မောင်(ယထ)

လူတို့သည်လောက (ဖြစ်ခြင်းပျက်ခြင်း သဘောရှိသောသတ္တဝါ တောတောင် ရေ မြေစသည်အားလုံး)ကို ကြည့်သည်။ သို့ကြည့်ရာတွင် အမြင်သုံးမျိုးဖြင့်ကြည့်၏။ မျက်စိသုံးမျိုးရှိသောကြောင့်ဖြစ်သည်။

လောကကို မျက်စိသုံးမျိုးဖြင့်ကြည့်ပါက အမြင်သုံးမျိုးမြင်မှာ သေချာပါသည်။

ပထမမျက်စိ

ဆိုသည်ကား (၁)တွယ်တာစွဲလမ်းမှု၊ တပ်မက်မှုမျက်စိ (၂) မာန်ထောင်လွှားခြင်းမျက်စိ၊ (၃)အယူမှားခြင်းမျက်စိ ဖြစ်သည်။ ထိုမျက်စိများဖြင့်ကြည့်လျှင် ထိုအမြင်ကိုမြင်မည်။ ထိုအမြင်များသည် ပင်ရင်းဇာစ်မြစ်ကိုမမြင်၊ လူတို့၏ ဂုဏ်ထူး ထူးခြားချက်ဝိသေသကိုမြင်သောအမြင်ဖြစ်သည်။

ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ကိုယ့်ရှေ့တည့်တည့်တွင် "လူသား"စစ်စစ်ကိုတွေ့ပါလျက် လူသားစစ်စစ်ကို မမြင်၊ သူ၏ "ဘွဲ့တံဆိပ်"များကိုသာမြင်သည်။ သူသည် သူဌေး၊ သူသည် ဆင်းရဲသား စသည့်အမြင်များဖြင့် မြင်ကြသည်။ ထိုစိတ်များသည် တွယ်တာတပ်မက်စွဲလမ်းမှု၊ မာန်ထောင်လွှားမှု၊ အယူမှားမှုတို့အပေါ် အခြေခံသည့်စိတ်များ ဖြစ်ကြသည်။

နိုင်ငံနှင့်ပတ်သက်ပါက ဆိုခဲ့ပါမျက်စိဖြင့်ကြည့်လျှင် ကြောက်ရမည့်နိုင်ငံ၊ နိုင်ရမည့်နိုင်ငံ၊ ဆရာတင်ရမည့်နိုင်ငံ၊ တပည့်အဖြစ်မွေးရမည့် နိုင်ငံ၊ ရန်သူအဖြစ် ဆန့်ကျင်ရမည့် နိုင်ငံစသည်ဖြင့် မြင်ကြ၏။ ဤကားအများက ကပ်ထားသော အမှတ်တံဆိပ်ကိုသာ ကြည့်တတ်သော အမြင်ဖြစ်၏။ အမှတ်တံဆိပ်ဟူသည် ကွာကျတတ်၏။ အနှီအမြင်မျိုးဖြင့် လောကကိုကြည့်သင့်ကြပါသလား. . . ။

ဒုတိယမျက်စိ

ဆိုသည်ကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ (ဗြဟ္မာစိုရ်) မျက်စိဟူ၍ ဆိုပါမည်။ ထိုမျက်စိဖြင့် လောကကိုကြည့်ပါက ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ချစ်စရာများကိုသာ မြင်တတ်၏။ ကြင်နာစရာများကိုသာ မြင်တတ်၏။ ဝမ်းသာစရာများကိုသာ မြင်တတ်၏။ ခွင့်လွှတ်စရာများကိုသာ မြင်တတ်၏။ ချစ်စရာအကွက်များကို မြင်တတ်သူဖြစ်မှတော့ ကြင်နာစရာအကွက်များ၊ ဝမ်းသာစရာအကွက်များ၊ ခွင့်လွှတ်စရာအကွက်များကိုလည်း မြင်တော့မှာ မြေကြီးလက်ခတ်မလွဲတော့ပါ။

အနှီမျက်စိဖြင့်ကြည့်မည်ဆိုပါက အသားအရောင်အဆင်း၊ ရုပ်ဆင်းရူပကာ၊ အမှတ်တံဆိပ်များကို ကျော်လွန်၍ မူရင်းဇာစ်မြစ်ကိုမြင်အောင် ကြည့်သင့်၏။ အကန့်အသတ်ပမာဏ မခွဲခြားဘဲ သတ္တဝါများ၌ အားလုံးတစ်သားတည်းဟူသော အမြင်။ ထပ်တူချစ်သည့် သဘောဖြစ်သည်။ ကြောင်းကျိုးနိယာမအား ဖြင့်အာရုံထင် ထပ်တူဖြစ်မှ သိစိတ်ထပ်တူဖြစ်နိုင် သည်။ ထိုနိယာမအရအားလုံး "လူ"ချည်း ဖြစ်၏။ လူစာရင်း၌ အားလုံးပါဝင်၏။ အားလုံး ရခဲသောလူဘဝကို ရကြသူချည်းဖြစ်၏။

စင်စစ်အမည်နာမတံဆိပ်ဟူသည်မှာ-

"ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊
သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်
ရေပွက်ပမာ၊ တစ်သက်လျာတည်း" အဆိုအရ

အားလုံးသခ်ီရဖြစ်၏။ ယနေ့ သူဌေးသည် မနက်ဖြန် ဆင်းရဲသားဖြစ်နိုင်သည်။ ဘာမျှ ခိုင်မာတည်မြဲသော အရာများမဟုတ်ပါ။ စင်စစ်မခိုင်မြဲသော အမှတ်တံဆိပ်ကိုမှ မြင်လိုကြ၏။ သို့ဖြင့် အားလုံးလူသားတည်းဟူသော မူရင်းဇာစ်မြစ်ကို မြင်အောင်ကြည့်နိုင်မှဖြစ်မည်။ ထိုသို့မကြည့်ဘဲ လူမျိုး အလိုက်ခွဲခြားကြည့်လျှင်ဖြစ်စေ၊ သူဌေး၊ ဆင်းရဲသားဟု ဥစ္စာဓနအလိုက် ခွဲခြားကြည့်လျှင်ဖြစ်စေ၊ ရာထူးအဆင့်အလိုက် ခွဲခြားကြည့်လျှင်ဖြစ်စေ "ချစ်ကွက်"ကို မြင်ဖို့ခက်၏။ "ကြင်နာကွက်"ကို မြင်ဖို့ခက်၏။ "ဝမ်းသာကွက်"ကိုမြင်ဖို့ ခက်၏။ "ခွင့်လွှတ်ကွက်"ကို မြင်ဖို့ခက်၏။ တွယ်တာ စွဲလမ်း တပ်မက်ကွက်၊ မာန်ထောင်လွှားကွက်၊ ယုံမှားကွက်များ ကိုသာမြင်ဖို့များပါ၏။ သို့ဖြင့် အနှီအမြင်များကိုပြောင်း၍ ဆိုခဲ့ပါအမြင်မျက်စိဖြင့် လောကကိုကြည့်သင့်သည်မဟုတ်ပါလော. . . ။

တတိယမျက်စိ

ဆိုသည်ကား လောကကို ကျေးဇူးတင်တတ်သော မျက်စိဖြစ်၏။ လူကိုလူလိုမြင်အောင် လူအဖြစ်သာ မြင်အောင်ကြည့်နိုင်ပါက ကိုယ်နှင့်ထပ်တူအားလုံးချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ ခွင့်လွှတ်စရာချည်းကိုသာ မြင်မည်။ ကိုယ်လည်း လူဖြစ်၏။ ကိုယ့်ကိုယ်ကိုချစ်နိုင်၊ ကြင်နာနိုင်၊ ဝမ်းသာနိုင်၊ ခွင့်လွှတ်နိုင်ပါလျှင် ကိုယ်နှင့် မူရင်းဇာစ်မြစ်အားဖြင့် တစ်ခုတည်းဖြစ်သော အခြားလူများကို အဘယ်ကြောင့် မချစ်နိုင်၊ မကြင်နာနိုင်၊ဝမ်းမသာနိုင်၊ ခွင့်မလွှတ်နိုင်ဖြစ်ရပါမည်နည်း။ သို့ဖြင့်ဆိုခဲ့ပါ မျက်စိဖြင့် လောကကိုကြည့်သောအခါ မူရင်းဇာစ်မြစ်ကိုသာ မြင်အောင်ကြည့်နိုင်ပါက အားလုံးချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ခွင့်လွှတ်စရာကိုချည်း မြင်ရသည်ဟူ၍ ဆိုခြင်းဖြစ်ပါသည်။

အားလုံး ချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ ခွင့်လွှတ်စရာများထဲမှ ကျေးဇူးတင်စရာကို မြင်အောင်ကြည့်တတ်ရန်လည်း လိုပါသေး၏။ လောကအပေါ် ကျေးဇူးတင်တတ်လျှင် အနှီကျေးဇူးကြွေးကို တစ်နည်းနည်းဖြင့် လောကကြီးအားပြန်လည်ပေးဆပ်ရမည် မဟုတ်ပါလား။ လောကကြီးအား သာယာလှပအောင် ကောင်းကျိုးပြု၍ ပေးဆပ်ရမည်။ အခြားတစ်စုံ တစ်ရာ မမျှော်လင့်ဘဲ၊ မည်သို့မျှ၊ မည်သည့်မျှော်လင့်ချက်မျှ မထားဘဲ ကျေးဇူးရှင်၏ ကျေနပ်ခြင်းကိုသာ မျှော်လင့်ခြင်းသည် ကျေးဇူးဆပ်ခြင်းဟူသည့်အနက် အဓိပ္ပာယ်ဖြစ်သည်မဟုတ်ပါလား. . . ။ လောကတွင် ထိုအမြင်မျိုးဖြင့် ဆောင်ရွက်မှုမှန်သမျှအမြတ်ဆုံးဖြစ်ပါ၏။

သို့ဖြင့် မျက်စိသုံးမျိုး၊ အမြင်သုံးမျိုးဖြင့် "ကြည့်သောသူမြင်နိုင်ပါ၏"ဟူ၍ မိဘပြည်သူများ ခွဲခွဲခြားခြား ကွဲကွဲပြားပြား ကြည့်နိုင်ကြသဖြင့် ငြိမ်းချမ်းသောဘဝကိုပိုင်ဆိုင်သူများ ဖြစ်နိုင်ပါရန်ရည်သန်၍ တင်ပြလိုက်ပါသည်. . . ။

အစစ၊ အရာရာ အဆင်ပြေကြပါစေ။

ယာဉ်အန္တရာယ်ကင်းဝေးရေး စည်းကမ်းတကျလိုက်နာ

ကလေး နိုဝင်ဘာ ၁၄

ကလေးမြို့ လမ်းဆုံတွင် ဆိုလာမီးပွိုင့်များ တပ်ဆင်ပြီးနောက် လမ်းဆုံလေးဘက်လေးတန်တွင် အဝါရောင်မျဉ်းတားပြီး လူကူးမျဉ်းကျားများဖြင့် လမ်းကြောပြုလုပ်ကာ လူကူးမျဉ်းကျားလမ်းကြောနောက်ဘက် လက်ယာကပ်လမ်းတစ်ဝက်ကို အဖြူရောင်မျဉ်းတားပြီး လမ်းကြောနှစ်ခုပြုလုပ်ခဲ့ပါသည်။

လက်ယာဘက်ချီးကွေ့မည့် ယာဉ်များသည် မီးနီပြနေသည့်အချိန်တွင် လက်ယာဘက်သို့ ချီးကွေ့သွားရန် အလွတ်ယာဉ်ကြောလုံးဝမပေးကြောင်း သတိပြုသင့်သည့်အပြင် မီးစိမ်းပြမှသာ မိမိသွားလိုသည့်လမ်းကြောင်း အတိုင်း သွားကြရန်ဖြစ်သည်။

အဖြူရောင်မျဉ်းကြောင်း တားသည့်ရှေ့မှ အဝါရောင် မျဉ်းကြောသည် လူကူးမျဉ်းကြောဖြစ်သည်နှင့် အညီ လမ်းဖြတ်ကူးသူပြည်သူများ ယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် အလွတ်ထားရမည့်နေရာဖြစ်သည်။

မီးစိမ်းပြပြီးမှ လက်ဝဲဘက်သို့ ချီးကွေ့သွားမည့် ယာဉ်များသည် မိမိ ရှေ့မျက်နှာချင်းဆိုင်မှ လမ်းဖြောင့်အတိုင်း ဖြတ်ကူးသွားမည့်ယာဉ်၏ ရှေ့မှ ဖြတ်ကူးသွားခြင်းမပြုဘဲ အဆိုပါယာဉ်ကို ဦးစားပေးလမ်းကြောင်းပေးပြီးမှ မိမိသွားလိုရာ လက်ဝဲဘက်သို့ ချီးကွေ့ရမည်ဖြစ်သည်။

အထူးသဖြင့်ကလေးမြို့ လမ်းဆုံမီးပွိုင့်ဖြတ်ကူးမည့်ယာဉ်များသည် အလွတ်ယာဉ်ကြော ဖြတ်ကူးခွင့်မပြုသည့်အတွက် မီးနီပြလျှင် ယာဉ်အားလုံးရပ်လျက် မီးစိမ်းပြမှသာ မိမိသွားလိုသည့် ယာဉ်ကြောအတိုင်း ဖြတ်ကူးသွားလာရမည်ဖြစ်ကြောင်း ပြည်သူများယာဉ် အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်မောင်းသူများကလည်း မီးပွိုင့်ဖြတ်ကူးရန် သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးနိုင်ရေးအတွက် ရည်ရွယ်လျက်ရေးသား လိုက်ပါသည်။

(လျိုးနက်)

တပ်မတော် ဆေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး၊ အရာရှိများ၊ ဆရာ၊ ဆရာမများ၊ စစ်သူနာပြုများ၊ ဗိုလ်လောင်းများနှင့် အရပ်ဘက် မိတ်ဆွေများက ဝါးခယ်မမြို့နယ်အသင်း၏ မျက်စိကုသရေးအတွက် အောက်တိုဘာ ၁၇ရက်က အလျှုဒွေကျပ် ၉၀၀၀၀ လျှုဒါန်းစဉ်။ **(မောင်လှိုင်)**

ဆဋ္ဌမအကြိမ်မြောက် ပညာစီမံ အခေါ် ကွန်ပျူတာသင်တန်းများ
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign.
ဆဋ္ဌမအကြိမ်မြောက် ပညာစီမံ အခေါ် ကွန်ပျူတာသင်တန်းများ
၂၅-၁၀-၂၀၁၃ သင်တန်းစမည်။
ရွှေမျိုး ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။
သင်တန်းကာလ
ကျွေးပေးသော အမှတ်(၁)။ သုတေသီ၊ ၆-ရပ်ကွက်၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- [illegible]

Shwe Yee Mon Travel Service Provider
Yoma Air and [illegible]
Nov (15-17)

"ဖိုးမံ (လမင်း)" ခွဲစျေးပွဲ ဈေးဝယ်ကြပါ
[illegible]
ဈေးဝယ်လို သည့် ဒဂုံမြို့သစ်မြောက်ပိုင်း ရွှေမြကွက်ဝယ်လို သည်။ ဖုန်း- [illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U10၊ မြေကွက်အမှတ်(၃၅၂)၊ မြေကွက်တည်နေရာအမှတ်(၃၅၂)၊ မဟာဝန်ဆောင်ရမ်းနှင့်ပိုလ်လမင်းရောင်လမ်း၊ ၄၈ U10ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်ထွေး AA-၀၅၆၅၈၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ထွေး ကွယ်လွန်သဖြင့် ဒေါ်အန်းကြည်(၁၂/ကမတ(နိုင်)၀၃၄၃၃၂)က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဦးစီးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငါးကြီးဆီများနှင့် အမျိုးသားရောဂါအန္တရာယ်

၂၀၁၁ ခုနှစ်တွင် ဆေးသိပ္ပံပညာရှင်များ၏ အသေးစိတ်ဓာတ်ခွဲစမ်းသပ်ချက်များအရ (က) အိုမီဂါ ၃ ဖက်တီးအက်စစ်ဖြည့်စွက်စာ ငါးကြီးဆီများ ထဲတွင် မြင့်မားစွာပါရှိတဲ့ EPA နှင့် DPA ဗီတာမင်တို့က အမျိုးသားများ သုက်ရည်ဂလင်းကင်ဆာ ဖြစ်နိုင်ခြေ အလားအလာ ၄၅ ရာခိုင်နှုန်း ထိရှိစေကြောင်း၊ (ခ) အကယ်၍ DHA ဗီတာမင်အမြောက်အများပါသော အိုမီဂါ၃ ငါးကြီးဆီများက အဆိုပါ ကင်ဆာဖြစ်နိုင်ခြေထက်ပင် အလားအလာ နှစ်ဆမျှ ပိုကဲနေကြောင်း (ဂ) ထို့ပြင် အဆီများသော ငါးကြီးများကို လွန်ကဲစွာ စားသောက်ခြင်းကလည်း ဖော်ပြပါ ကင်ဆာ ဖြစ်လာစေကြောင်း National Cancer Institute ခေါ် ကျန်းမာရေးဂျာနယ် တစ်စောင်မှာ ဖော်ပြခဲ့ခြင်းကို အင်တာနက်သတင်းလွှာ (Academic Journal) က ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် ၂ နာရီတိတိမှာ ထပ်ဆင့် ဖော်ပြထားပါတယ်။

ဆီးကျိတ်ကင်ဆာ(ခေါ်) အမျိုးသားများ သုက်ရည်ဂလင်း ကင်ဆာရောဂါ ဘာကြောင့် ဖြစ်ရတယ်ဆိုတဲ့ အဓိကအကြောင်းရင်းကို ယနေ့အထိ ဆေးသိပ္ပံနည်းအရ ခိုင်လုံတဲ့အဖြေမထုတ်နိုင်သေးသော်လည်း တိရစ္ဆာန်အဆီလွန်ကဲစွာ စားသုံးသူများ၊ အဘိုး/ဖခင်မျိုးရိုးစဉ်ဆက် ထိုကင်ဆာရှိသူများ၊ အစာအာဟာရချို့တဲ့သူများမှာ ရောဂါဖြစ်နိုင်ခြေပိုများပါတယ်လို့ ဆိုပါတယ်။

ဆီးကျိတ်ကင်ဆာလက္ခဏာများမှာ သုက်ရည်ဂလင်းသိသိသာသာကြီး ထွားလာခြင်း၊ ဆီးသွားရင် အားမရခြင်း၊ ပြတ်တောင်းပြတ်တောင်းဖြင့် ဆီးသွားရခက်ခဲခြင်း၊ ပုံမှန်ထက် မကြာခဏ ဆီးသွားပြီး အထူးသဖြင့် ညဘက်မှာ ပို၍ သွားခြင်း၊ ဆီးသွားစဉ်နာကျင်ခြင်း၊ သုက်ရည်ထဲသွေးပါခြင်း၊ တင်ပါးနှင့် တင်ပါးဆုံရိုးတို့တွင် တဆစ်ဆစ်နာကျင်ခြင်း၊ ဆီးထဲသွေးပါခြင်းစသည်တို့ဖြစ်သည်။ အကယ်၍ ထိုလက္ခဏာများထဲမှ တစ်ခုမဟုတ်တစ်ခု ပေါ်လာပါက မပေါ့ဆဘဲ ဆရာဝန်ဖြင့် ဆွေးနွေးတိုင်ပင်ကြပါ။

ယနေ့ အဂ်လန်နိုင်ငံမှာ နှစ်စဉ် အမျိုးသားဦးရေ ပျမ်းမျှ ၄၁၀၀၀ ဝန်းကျင် ဆီးကျိတ်ကင်ဆာဖြစ်ပွားကြပြီး ၁၁၀၀၀ခန့်က ထိုကင်ဆာဖြင့် ကွယ်လွန်နေကြရပါတယ်။ အမေရိကန်မှာလည်း အရေပြားကင်ဆာပြီးလျှင် ဆီးကျိတ်ကင်ဆာက ဒုတိယအဖြစ်အများဆုံးလို့ ဆိုပါတယ်။ များသောအားဖြင့် အမျိုးသားများ အသက် ၅၀ ကျော်လာရင် ထိုကင်ဆာပေါ်လာတတ်လို့ သတိပြုကြဖို့ လိုအပ်ပါတယ်။

ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ(အဖြူ)ထဲတွင် ပါရှိသော isothiocyanates ဓာတ်က ဆီးကျိတ်ကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးပြီး ခရမ်းချဉ်သီး၊ ဖရဲသီးစသည့်အနီရောင်အသီးတို့က ၎င်းကင်ဆာဖြစ်နိုင်ခြေ အလားအလာကို လျော့ပါးသက်သာစေပါတယ်။ ပင်လယ်စာ၊ ကျုံနှင့် ကျုံထွက်ပစ္စည်းများ၊ ဆန်လုံးညိုနှင့် ကွေကာအုတ်ထဲမှာပါရှိသော Selenium ကလည်း ယင်းကင်ဆာရောဂါကာကွယ်ပေးပြီး ပဝိစပ်က ဆီးကျိတ်ကင်ဆာအကျိတ်ကြီးထွားလာမှုကို သိသိသာသာနှေးကွေးစေပါတယ်။ ခန္ဓာကိုယ်အဆမတန် ဝခြင်းက ဆီးကျိတ်ကင်ဆာနဲ့ ဆက်စပ်မှုရှိတာကြောင့် ဥပမာ အမဲသားတို့လို အနီရောင်အသားများ လျှော့စားခြင်း ကိုယ်အလေးချိန်ချပေးသင့်ပါတယ်။ ကဖိန်းဓာတ်ပါသော ဖျော်ရည်များနှင့် အယ်လ်ကိုဟောပါသော အဖျော်ယမကာတို့ လွန်ကဲစွာ သောက်စားခြင်းက သုက်ရည်ဂလင်းကို ကြီးထွားစေသောကြောင့် သင့်တင်မျှတရုံသုံးဆောင်ကြပြီး ဆီးကျိတ်ကင်ဆာရောဂါဆိုးကြီးမှ ကင်းဝေးနိုင်ကြပါစေကြောင်း မျှဝေလိုက်ရပါတယ်။

တင်ထက်ထက်ဇော်

ကနီမြို့နယ်တွင် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းနှင့် အသစ်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၁၄

ပြည်သူများ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများ လေးစားလိုက်နာရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများတွင် ယာဉ်မောင်းသူ ပြည်သူများအတွက် အဓိကလိုအပ်သော ယာဉ်မောင်းလိုင်စင်များကို သက်တမ်းတိုးခြင်းနှင့် အသစ်ထပ်မံပြုလုပ်ပေးခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ကနီမြို့တွင် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်စဉ် ကနီမြို့နယ်အတွင်းမှ မော်တော်ကားမှတ်ပုံတင်သက်တမ်းတိုးခြင်း နှစ်စီး၊ မော်တော်ဆိုင်ကယ် မှတ်ပုံတင် သက်တမ်းတိုးခြင်း ၅၅ စီးနှင့် ယာဉ်မောင်းလိုင်စင်အသစ်ပြုလုပ်ခြင်း ၉၂စုခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်ပြီး "ကျွန်တော်တို့က ရွာတွေမှာနေတာဆိုတော့ ယာဉ်မောင်းလိုင်စင်လုပ်ချင်တာတောင်မှ ဘယ်လိုလုပ်ရမယ်ဆိုတာမသိဘူး၊ မြို့တွေကိုသွားရင် ဒုက္ခရောက်ရတယ်၊ ခုလိုမြို့နယ်အရောက်လာပြီး ယာဉ်မောင်းလိုင်စင်တွေ လုပ်ပေးတော့ ကျွန်တော်တို့အတွက် အဆင်ပြေသွားတာပေါ့။ အခုဆိုရင်မြို့ကိုသွားရင် ယာဉ်မောင်းလိုင်စင်အတွက် စိတ်ပူစရာမလိုတော့ဘူး"ဟု ယာဉ်မောင်းလိုင်စင်အသစ်ပြုလုပ်သူ ပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **(မြို့နယ်/မြန်ဆက်)**

ယာဉ်ပညာပေး သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၄

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ ယာဉ်မောင်းနှင်သူများ ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးရာတွင် လမ်းညွှန်အမှတ်အသားများနှင့် လမ်းပေါ်ရှိ ဆေးရေးအမှတ်အသားများ၊ အချက်ပြများ သိရှိနားလည်စေရန် ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားသူများအား ယာဉ်ပညာပေး သင်တန်းအဖြစ် မော်တော်ဆိုင်ကယ်အတွက် နှစ်ရက်၊ မော်တော်ယာဉ်အတွက် သုံးရက် ဖွင့်လှစ်ဆောင် ရွက်ထားရှိကြောင်း သိရသည်။

"ယာဉ်မောင်းနှင်တဲ့သူတွေအနေနဲ့ ကားကို မောင်းတတ်ရုံနဲ့မပြီးဘူး။ ယာဉ်နဲ့ပတ်သက်တဲ့ စည်းကမ်းတွေလည်း သိရှိလိုက်နာစေဖို့ သင်ကြားပေးတာပါ။ ယာဉ်မောင်းနှင်သူဟာ မိမိရဲ့ယာဉ်ကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်တတ်ဖို့ လိုအပ်သလို လမ်းညွှန်အမှတ်အသားနဲ့ အချက်ပြအမှတ်အသားတွေကိုလည်း နားလည်ထားဖို့ လိုအပ်တယ်"ဟု မြင်သာကညနမှ ခရိုင်ဦးစီးမှူးဦးစန်းယု ပြောကြားသည်။

အဆိုပါ သင်တန်းအား ရွာသာကြီးကညနတွင် ဖွင့်လှစ်ထားရှိပြီး တက်ရောက်ရမည့် သင်တန်းကြေးမှာ မော်တော်ဆိုင်ကယ်အတွက် ကျပ် ၁၀၀၀နှင့် မော်တော်ယာဉ်အတွက် ကျပ် ၂၀၀၀ သတ်မှတ်ထားရှိ၍ ၎င်းသင်တန်းတက်ရောက်ပြီးမှသာ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေနှင့်အညီ မျက်စိအမြင်၊ အရောင်ခွဲခြားစစ်ဆေးခြင်း (Colour Blind Test)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေစစ်ဆေးခြင်း၊ ယာဉ်မောင်းလက်တွေ့ဖြေဆိုခြင်းများ ပြုလုပ်ပြီး အောင်မြင်မှသာ ယာဉ်မောင်းလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(ကေသိန်းဆွေ)

လူမှုရေး/စီးပွားရေးကြော်ငြာ

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

KMD Computer Centre
Pre-HND & HND Diploma
Pre-HND Opening Date : 30 NOV 2013 (Monday to Friday) 8:00 AM to 1:30 PM
HND Opening Date : 30 NOV 2013 (Monday & Friday) 7:00 AM to 12:00
အမှတ်(၁)ဂျင်ကာ ပြည်ကြီးလမ်း၊ ဝမ်ပြန်ကုန်း၊ ဗဟိုမြို့နယ်
မှန်း-၅၂၂၅၄၆ / ၅၃၄၁၁၀ / ၅၀၂၂၃၃

ကဝမြို့(အထက-ကဝ)မြတ်ဆရာပူဇော်မည်

ကဝမြို့မှ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်(အမျိုးသားအောင်ပွဲနေ့)တွင် နံနက် ၁၁နာရီမှစတင်၍ အထက(ကဝ)၌ကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံအငြိမ်းစားသက်ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံစုံညီညီတက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လျှုဖွယ်ပစ္စည်းများကို ဦးလှဌေး-ဒေါ်အေးအေးချို ၀၅၂-၈၀၀၁၉၊ ၀၉၄၂၈၁၈၉၆၊ ဒေါ်နုတင် ၀၉၄၅၅၀ ၂၀၄၃၆၊ ဒေါ်စန်းရီ ၀၉၄ ၂၈၁၄၄၇၀၁၊ ဦးကျော်စိုး ၀၉ ၂၅၀၁၁၁၀၁၊ ဦးထင်ကျော်လင်း ၀၉၄ ၂၈၁၄၉၄၀၄၊ ဦးခေတ်အောင်(ရန်ကုန်) ၀၉ ၅၁၁၁၄၀၀၊ ဦးအောင်ခိုင် ၀၉၄ ၂၈၁၃၆၉၉၄၊ ဒေါ်သက်သက်ခိုင် ၀၉၄ ၂၈၁၅ ၂၉၄၊ ဦးတင်ငွေ ၀၉၄ ၂၈၁၁၈၃၉၁၊ ဦးကိုကိုဇင် ၀၉၄၄၈၀၄ ၂၇၇၉၊ ဒေါ်နွယ်နွယ်ဦး ၀၉ ၄ ၂၈၁ ၂ ၂ ၂ ၅၅၊ ဦးသက်မင်းထွန်း ၀၉၄ ၂၈၀၃ ၂ ၃ ၉ ၀၊ ဦးနေလင်းဗိုး ၀၉ ၄ ၂၈၁ ၂ ၀ ၅ ၀ ၃ ၀ ၃ ၀ ၃

ပြည်ကျင်းရေးရာ

ငါန်းဇွန်မြို့နယ်ထွက် ထိုင်ဝမ်ခရမ်းချဉ်သီးများ စစ်ကိုင်းဈေးကွက်သို့ရောက်ရှိ

စစ်ကိုင်း နိုဝင်ဘာ ၁၄ ။ ။ ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှထွက်ရှိသော ထိုင်ဝမ် ၉၀၉ ခရမ်းချဉ်သီးများ စစ်ကိုင်းမြို့မဈေးကွက်သို့ ဆိုင်ကယ်နောက်ထိုင်ခုံတွင် တန်းထိုးပြီးတောင်းနှစ်လုံးတွင်ထည့်ကာ တစ်နိုင်တစ်ပိုင် သယ်ယူရောင်းချသူများနှင့် ခရမ်းချဉ်စိုက်တောင်သူများ သုံးလေးဦး စုပေါင်းပြီး ထော်လာဂျီဌား သယ်ယူရောင်းချသူများထံမှ တစ်ဆင့်ဝယ်ယူပြီး ပြန်ရောင်းချသည့် ဈေးသည်များကို လက်ကားဈေး တစ်ပိသာ ၉၀၀ ကျပ်ဖြင့် အလုံးလုပါက ဈေးပိုပေးရပြီး စားသုံးသူလက်သို့သင့်တင့်သလို ပြန်လည်ရောင်းချကြသည်။

"ဒီနှစ်နောက်ပိုင်းမိုးများသဖြင့် ခရမ်းချဉ်စိုက်တောင်သူများ အဆိုးထဲက အကောင်းလို့ ပြောရမှာပေါ့ဗျာ၊ စစ်ကိုင်းနယ်ထွက်နဲ့ ကျွန်းခရမ်းချဉ်တွေ မထွက်သေးတော့ ဈေးကလည်း ကိုက်ပါတယ်၊ ကျွန်တော်တို့တောင်သူကလည်း ခရမ်းချဉ်မျိုးပေါင်းများစွာထဲက ဒေသနဲ့ကိုက်ညီတဲ့မျိုးကို ရွေးချယ်စိုက်ပျိုးရပါတယ်၊ မျိုးစေ့တစ်ထုပ်ကို ၈၀၀၀ မှ ၈၅၀၀ ကျပ်ထိပေးဝယ်ပြီး တစ်ထုပ်ကိုမျိုးစေ့ပေါင်း ၂၂၀၀ ခန့်ပါပါတယ်၊ ခရမ်းချဉ်ကပျိုးပြီးမှ ပြန်စိုက်ရတာဖြစ်လို့ ပျိုးတဲ့အခါမှာမျိုးစေ့တစ်စေ့ကို ပလတ်စတစ်ပျိုးအိတ်တွင် အနက်စပါးလုံးတစ်ထောက်ကျော်ခန့်သာမြေတွင် မြှုပ်၍စိုက်ရတယ်၊ နက်ပါကအပင်တိုးမထွက်နိုင်ပါ။ တစ်ပင်နဲ့ တစ်ပင် ၁၂ လက်မကွာပြီး ပေါင်ကလည်း တစ်ပေါင်နဲ့ တစ်ပေါင် ၁၈ လက်မကွာပြီးစိုက်ရပါတယ်၊ အပင်ကဆတ်ရင်ကျိုးတတ်သဖြင့် ခေါင်အညွှန့်ယိုင်မလဲခင် ပေါင်ပေါ်တွင် တိုင်ထောင်ပေးရပါတယ်၊ ပိုးကျပြီးပျက်စီးတတ်တာကြောင့် အထူးဂရုစိုက်ရပါတယ်၊ စိုက်ပြီးသုံးလကျော်ပါက အသီးခူးပြီး ငွေပြန်ပေါ်ပြီလေ၊ ကျွန်တော်တို့တောင်သူအနေနဲ့ အထူးသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရတဲ့အပင်မျိုးဆိုရင် အတတ်နိုင်ဆုံးသူများနဲ့မတူအောင် စိုက်ပျိုးရပါတယ်၊ အထားမခံတဲ့သီးနှံမျိုးဖြစ်ပါကစောပေါ်အောင် အထူးဂရုစိုက်ရပါတယ်၊ ဒါမှဈေးကောင်းရရှိပြီး ဈေးကွက်လည်းဝင် စားသုံးသူလက်ဝယ် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသီးအနှံတွေ ရရှိမှာဖြစ်ပါတယ်"လို့ ငါန်းဇွန် မြို့နယ်မြို့သာအုပ်စုမှ တောင်သူဦးကျော်ရွှေက ပြောပြသည်။

(မျိုးဝင်း)

ကျောက်ပန်းတောင်း၌ ဝါဆိုပင်ထောင်မြေပဲ နုတ်သိမ်းပြီ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးလယ်မြေပဲစိုက်ဧကပေါင်း ၁၅၀၇၉ ဧကရှိပြီး (S-1) သုံးလပဲခေါ် ဝါဆိုပင်ထောင်မြေပဲများ နုတ်သိမ်းနေကြပြီဖြစ်သဖြင့် ကျေးလက်တောရွာများတွင် မြေပဲအဝယ်တော်ပွဲစားများ ခြေချင်းလိမ်လျက်ရှိနေကြပြီး ပဲစိုက်တောင်သူများလည်း ငွေရွှင်လျက်ရှိနေကြောင်း သိရသည်။ ဝါဆိုပင်ထောင်ပဲကို ဝါဆိုလဆန်းပိုင်းမှစတင်စိုက်ပျိုးကြ၍ သီတင်းကျွတ်လပြည့်ကျော်မှ စတင်နုတ်သိမ်းကြခြင်းဖြစ်ကြောင်း သိရပြီး ဝါဆိုပင်ပြန့်ခေါ်လေးလပဲကိုမူ တန်ဆောင်မုန်းလပြည့်ကျော်တွင် နုတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဆောင်းပဲခေါ်(S-1) သုံးလပဲကို တော်သလင်းလပြည့်ကျော်၊ သီတင်းကျွတ်လဆန်းတွင် စိုက်ပျိုးခဲ့ကြပြီး နုတ်တော်လကုန် ပြာသိုလဆန်းတွင် နုတ်သိမ်းကြမည်ဖြစ်ကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့တွင် မြေပဲအဝယ်တော်များအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းသာမကဘဲ မြေပဲစိုက်ပျိုးမှုများသည့် ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်နှင့်တောင်သာမြို့နယ်များရှိ ကျေးရွာများ အရောက်ဆင်း၍ဝယ်ယူကြကြောင်းသိရပြီး (S-1) လုံးဆန်ဈေးနှုန်းမှာ တစ်ပိသာ ၁၇၀၀ ကျပ်ဖြစ်ပြီး (S-1) ဆီဆန်ဈေးနှုန်းမှာတစ်ပိသာ ၁၅၅၀ မှ ၁၅၇၅ ကျပ်ဖြစ်ကြောင်းသိရသည်။ လုံးဆန်ကိုမျိုးမြေပဲအဖြစ်လည်းကောင်း၊ အကြော်အလှော်စသည့်စားသောက်ကုန်အတွက်လည်းကောင်း သီးခြားသန့်စင်ရခြင်းဖြစ်ပြီး ရံဖန်ရံခါ တရုတ်ဝယ်လက်သို့လည်း တင်ပို့ရကြောင်းသိရသည်။

ပဲခွဲစက်များ၊ ပဲပွဲရုံများတွင် အဆိုပါလုံးဆန် သန့်စင်လုပ်သားများ ငါးဦးမှ ၁၀ ဦးအထိရှိကြပြီး ပဲသန့်စင်ခအဖြစ် တစ်ပိသာလျှင် ၂၀ ကျပ်နှုန်းဖြင့် လုပ်ကိုင်ကြရာ တစ်ဦးလျှင် တစ်နေ့ ၂၅၀၀၊ ၃၀၀၀ ကျပ်ခန့်ရရှိကြကြောင်းနှင့် ပဲလှမ်းလုပ်သား(ပဲလှမ်း/ကြောင်းထိုး)တစ်ဦးကို ငွေကျပ် ၃၀၀၀ ပေးရကြောင်း သိရသည်။ ယခုလို ပဲပေါ်ရာသီမျိုးတွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသော လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြကြောင်းသိရပြီး ပဲအဝယ်တော်များအနေဖြင့် လည်း တစ်နေ့လျှင် တင်း ၂၀၀ မှ ၅၀၀ အထိ ဈေးအပေါ်မူတည်၍ ဝယ်ယူရရှိနေကြကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

သွေးသည်အသက်

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပ

နောင်ချို နိုဝင်ဘာ ၁၄

နောင်ချိုမြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခ၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကျော်က ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သန်းခေါင်စာရင်းကော်မတီဝင်များတက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နောင်ချိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၃ ရက်က ကံကြီးကျေးရွာအုပ်စု၌လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်က ဆမ္မဆယ်ကျေးရွာအုပ်စု၌လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်က ဘန့်ဘွေးကျေးရွာအုပ်စု၌လည်းကောင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သန်းသန်းထွေး-နောင်ချို)**

KKH TAN THWIN CENTRE

ကော်ဝင်မိသားစုကုမ္ပဏီ တန်ဆောင်မုန်းလပြည့်စတုဒိသာအလှူ

ကော်ဝင်မိသားစုကုမ္ပဏီမှ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၅.၁၁.၂၀၁၃)

နံနက်(၉:၃၀)တွင် ကော်ဝင်ဝင်တွင် စတုဒိသာအဖြစ် ကြာထန်ချက် နှင့် အအေးတိုက်ကျွေးခြင်း၊

ညနေ (၅:၃၀)တွင်ရွှေတိုဝဲဘုရား မြောက်ဘက်မုခ်၌ ကော်ဖီများ လှူဒါန်း တိုက်ကျွေးမည်ဖြစ်ပါသဖြင့်

မည်သူမဆိုကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်းဖိတ်ကြားအပ်ပါသည်။

ကော်ဝင်မိသားစုကုမ္ပဏီ ၊ ကော်ဝင်မိသားစု

NUS နှင့် IT အလုပ်အကိုင်အခွင့်အလမ်းများနှင့် IT အကောင်းဆုံးသင်တန်းများ ပေးနေသည်။

CROWN

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၁၁၉၅/က)ရှိ ဦးဝင်းမြင့် အမည်ပေါက် (၂၀'×၆၀')မြေကွက်၏ တစ်စိတ်တစ်ဒေသကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းထံမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း မိမိတို့ထံသို့ ခိုင်လုံသော အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်အုန်း [၁၂/တမန(နိုင်)၀၃၄၆၃၂]

စ၇/စက်မှု(၄)လမ်း၊ မေတ္တာညွှန်ရပ်ကွက်၊ တာမွေမြို့နယ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ထွေး၏ "ဌေလှိုင်းတက်" ရေယာဉ်မှတ်ပုံတင်အမှတ်(FKD.၀၀ ၃၆/၀၉)၊ စက်အမျိုးအစားနှင့် နံပါတ် HINO H 300,No.29348 မြင်းကောင်ရေ (120) BHP အမည်ရှိ ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ရေယာဉ်အတိုင်းအတာပြောင်းစာရွက်စာတမ်းများပါရှိသော ဖိုင်တွဲ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန်နှင့် တွေ့ရှိသူများအား ကျေးဇူးဆပ်ပါမည်။

လိပ်စာ-မင်္ဂလာတံတား၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့၊ ဖုန်း-၀၉-၄၉၈၉၂၅၁၁

ရွှေရောင်လယ်ကွင်းအတွင်းမှ တောင်သူတို့အားမာန်

ပဲခူး နိုဝင်ဘာ ၁၄

သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ဥ၊ ရေတာရှည်၊ ထန်းတပင်နှင့် အုတ်တွင်းမြို့နယ်များရှိ လယ်မြေဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

နိုင်ငံတော်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအပါအဝင် စေတနာရှင်များ ၏ ကူညီကယ်ဆယ်ထောက်ပံ့မှုများ ကြောင့် ရေကြီးနစ်မြုပ်ရာဒေသများတွင် ဆောင်းသီးနှံအတွက်ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ ပဲခူးမြို့နယ်အတွင်း ရေဘေးအန္တရာယ်မှ လွတ်ကင်းသည့် မှည့်ဝင်းနေသော စပါးခင်းများတွင် လယ်သမားကြီးများက တံစဉ်ကိုင်၍ ရိတ်သိမ်းလျက်ရှိပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

မကြာမီကာလတွင် စပါးခင်းနေရာများ၌ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ စသည့် ဆောင်းသီးနှံများ စိုက်ပျိုးကြတော့မည်ဖြစ်သဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် တောင်သူလယ်သမားကြီးများ ကကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သုတ-ပဲခူး)**

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မြစ်ကြီးနားအကျဉ်းထောင် စစ်ဆေး

မြစ်ကြီးနား နိုဝင်ဘာ ၁၄

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာသည် ရုံးအဖွဲ့ဝင်များနှင့် မြစ်ကြီးနားခရိုင် တရားသူကြီး ဦးမြင့်ဆန်းတို့လိုက်ပါလျက် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်သန်းနှင့် ထောင်မှူး ဦးတင်မောင်ချိုတို့က အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါအခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်တရားသူကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်တွင် ပြည်နယ်တရားသူကြီးချုပ်နှင့် မြစ်ကြီးနားခရိုင်တရားသူကြီးတို့သည် မြစ်ကြီးနားမြို့မရဲတပ်ဖွဲ့အချုပ်စခန်း၊ နယ်မြေရဲတပ်ဖွဲ့စခန်းနှင့် ဝိုင်းမော်မြို့ ရဲတပ်ဖွဲ့အချုပ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မိုယ်းကျ- မြစ်ကြီးနား)**

ပြင်ဦးလွင်ခြောက်ထပ်ကွေ့ အဆင်းလမ်းပိုင်းပိတ်ထားမှုကြောင့် အတက်လမ်းပိုင်း ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးမြို့နှင့် လားရှိုးမြို့လမ်းမကြီး၏ လမ်းပိုင်းတစ်စိတ်တစ်ဒေသဖြစ်သည့် ပြင်စာရွာနှင့် ဇီးပင်ကြီးရွာ အကြားရှိ ပြင်ဦးလွင်အဆင်းလမ်းနှင့် ခြောက်ထပ်ကွေ့ အဆင်းလမ်းပိုင်းအား နိုဝင်ဘာ ၁၂ ရက်တွင် ပိတ်ဆို့ထားသဖြင့် အတက်ယာဉ်များရော အဆင်းယာဉ်များပါ အတက်လမ်းပိုင်းတစ်လမ်းတည်းသာ အသုံးပြုသွားလာနေကြရသဖြင့် ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်နေကြောင်း သိရသည်။**(အောက်ပုံ)** ပြင်စာရွာအလွန်လမ်းခွဲတွင် ဆိုင်းဘုတ်များစိုက်ထူ၍ လမ်းလွှဲပေးထားကြောင်း၊ ကျောက်မိုင်းများခွဲနေသဖြင့် ယာဉ်သွားလမ်းအား ပိတ်ဆို့ထားရခြင်းဖြစ်ကြောင်း ရေးသားစိုက်ထူထားသည်ဟု ခရီးသွားတစ်ဦးကပြောပြသည်။

"အခုဆိုရင် မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းတွေ အတော်လေးပျက်စီးနေတာကိုတွေ့နေရတယ်။ နယ်စပ်ကိုသွားတဲ့ ကုန်တင်ယာဉ်ကြီးတွေ သွားလာနေတော့ လမ်းတွေဝန်ဒဏ်မခံနိုင်ဘဲ ပိုပြီးအပျက်အစီးများလာတာ ထင်ပါတယ်။ အနီးစခန်းနဲ့သုံးတောင်ရွာနားမှာ လမ်းတွေခင်းနေတာတော့တွေ့နေရတယ်။ ပြင်စာနဲ့ ဇီးပင်ကြီးကြားက ခြောက်ထပ်ကွေ့ တောင်ဆင်းလမ်းပိုင်းကိုလည်း ပြင်ဆင်နေလို့ လမ်းပိတ်ထားတာလားတော့မသိဘူး။ အဆင်းယာဉ်တွေရော အတက်ယာဉ်တွေပါ အတက်လမ်းကိုပဲသုံးနေကြတော့ ယာဉ်ကြောတွေကျပ်ပြီး တော်တော်သတိထားပြီး မောင်းခဲ့ရတယ်။ ကားလမ်းကကျဉ်း၊ အတက်လမ်းလည်းဖြစ် အကွေ့အကောက်တွေကလည်းများ၊ ကုန်တင်ယာဉ်ကြီးတွေကပေါဆိုတော့ အန္တရာယ်များတယ်"ဟု ပြင်ဦးလွင်မြို့သို့သွားရောက်လည်ပတ်သူ ယာဉ်မောင်းတစ်ဦးကပြောပြသည်။ **(နန္ဒာမင်းလွင်)**

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား

နေ့ရက်	။	။ ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့)
အချိန်	။	။ မွန်းလွဲ(၁း၀၀)နာရီ
နေရာ	။	။ အမှတ်(၂)ရပ်ကွက်၊ မမ္မာရုံ၊ ရန်ကင်းမြို့နယ်။
အလှူငွေ	။	။ ၀၉-၄၂၀၅၃၀၀၇၊ ၀၉-၄၂၀၀၆၉၁၂။
လျှုဒါန်းရန်ဖုန်း		၀၉-၄၂၀၀၉၇၈၂၁၊ ၀၉-၃၁၀၄၇၇၆၀၁၊ ၀၉-၅၄၁၆၂၂၁

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁-ရပ်ကွက်၊ ကုမုဒြာလမ်း၊ မြေကွက်အမှတ်(၁၆၀၂)ဖြစ်သည့် ပေ(၄၀× ၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးသောင်းဟန်နှင့် ဒေါ်မြတ်မြတ်နွယ်အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ဒေါ်မေလွင်မောင်က အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၂၃/၂၀၁၃ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိထားပါသည်။ ဒေါ်မေလွင်မောင်က အထက်ပါနှစ်(၆၀)ဂရန်မြေကွက်သည် မိမိလက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဖြွက်ဟကြေညာချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A,R.L) **ဒေါ်ဆွေဆွေညွှန့်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
ဒေါ်ဆုမြတ်မွန် **ဒေါ်သဇင်ဖူး** **ဒေါ်ခင်ကြည်မွန်** **ဒေါ်အေးခိုင်ဇင်**
(စဉ်-၂၅၃၇၆) **(စဉ်-၂၆၈၇၅)** **(စဉ်-၂၇၃၈၆)** **(စဉ်-၃၀၈၁၁)**

အထက်တန်းရှေ့နေများ

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၂၃)၊ ၃လွှာ(ခေါင်းရင်းခန်း) အကျယ်အဝန်း ပေ(၁၂½×၅၀)ရှိ တောင်ကောင်(၂-လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်နိုနိုခိုင်[၁၂/စခန(နိုင်)၀၇၃၇၂၉]မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော(စဉ်-၈၈၂၆)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်- (၆၇၂-အေ)၊ ကျောင်းကုန်းမြောက်၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ မြေအမျိုးအစား-လ/နေ (၃၉) လျှောက်ထားဆဲ အိမ်ရာမြေ၊ အကျယ်အဝန်း (၀. ၀၅၅) ဧကရှိ ဦးတင်ထွန်း (YBU- ၀၂၅၉၀၆) အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ် (L-220)၊ ဦးပိစီလျှဲ (CHK-၀၉၀၇၀၄) အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ်(L-221)၊ ဦးငွေးညွှန့် (K/RGN-၀၂၉၃၇၂) အမည်ဖြင့်ချထားပေးသော မြေကွက်အမှတ် (L-222) စသော မြေကွက်(၃)ကွက်တို့အား အဆက်ဆက် အရောင်းအဝယ်စာချုပ်များဖြင့် လက်ဝယ်ရှိပိုင်ဆိုင်သူ ဒေါ်စန္ဒာ [၉/မနမ(နိုင်)၁၁၀၆၅၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)
အမှတ်(၂၈)၊ မြေညီထပ်၊ မဂီလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁- ၂၃၀ ၅၅၇၄၊ ၀၉ ၅၀ ၃၄၆၅၂၂၊ ၀၉- ၄၅၀၀ ၃၉၂၁၀

အများသိစေရန် သတိပေးတားမြစ်ခြင်း

S.A.M

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၆)၊ ၃၅ လမ်း၊ ၇၃×၇၄ လမ်းကြားနေ ဦးမင်းသိန်း(ခ) ဦးမင်းသိမ်း [၉/မရတ(နိုင်)၀၆၉၉၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

"ရွှေမန်းဗေဒင်ဒိုင်ယာရီ"အမည်နာမသည် ကြေညာသူ၏ ကိုယ်ပိုင်စိတ်ကူး ဉာဏ်ဖြင့် တီထွင်အသုံးပြုလျက်ရှိသော အမည်နာမဖြစ်ပါသည်။

အထက်ဖော်ပြပါ "ရွှေမန်းဗေဒင်ဒိုင်ယာရီ "အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၂၃၈/၂၀၁၂) ဖြင့် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

"ရွှေမန်းဗေဒင်ဒိုင်ယာရီ"တွင် မဟာဝေဒဗွေမန္တာန်ဇယား၊ နှစ်တစ်နှစ်အတွက် နေ့စဉ်ယကြာများ၊ အောင်မြေဘုရားများ၊ ခရီးသွားရန် ကောင်းသောရက်များ (ဇယားဖြင့်) ခရီးရှောင်ရန်ရက်များ (ဇယားဖြင့်)၊ ဆောင်ရန်၊ ရှောင်ရန်များ၊ နေ့စဉ်ရက်များတွင် ရေးသားထားသော ပုံစံဇယား၊ အောက်ဘက်ဝဲဘက် ဇယားတွင် ရင်သွေးငယ်ကံဇယား၊ အောက်ယာဘက်ဇယားတွင် ယကြာပုံစံ၊ အထက်ဝဲဘက်တွင် ဖော်ပြထားသော "ဆောင်ရန်"၊ အထက်ယာဘက်တွင် ကောင်းသော ကြယ်ပွင့်ပုံစံ(✓)နှင့် ညံ့သော (×) ပုံစံ၊ ယာဘက်တွင် ဖော်ပြထားသော "ရှောင်ရန်"စာပိုဒ်တို့ကို မိမိကိုယ်ပိုင်မူဖြင့် ပံ့နိုပ်ထုတ်ဝေ၍ မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမည်အမှတ်အသားနှင့် ရွှေမန်းဗေဒင်ဒိုင်ယာရီအတွင်းရှိ ဖော်ပြချက်များကို အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား အတုအပ ပြုလုပ်ခွင့်မရှိပါကြောင်း သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုပါက ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းသိန်း(ခ)ဦးမင်းသိမ်း
[၉/မရတ(နိုင်)၀၆၉၉၂၉]
လွှဲအပ်ညွှန်ကြားသူ

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှကို
B.A, R.L Dip- Business Law
တရားလွှတ်တော်ရှေ့နေ (၂၃၁၃)
အမှတ် (၂၈)၊ ၂၉လမ်း၊
၇၁×၇၂ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။ ဖုန်း-၀၂-၆၅၁၉၄

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြည်ညွန့်(ငြိမ်း)(စစ်ကိုင်းကြည်ညွန့်)
အသက်(၈၃)နှစ်

ဆရာမကြီး ဒေါ်အေးမြင့် [ကထိက(ငြိမ်း)၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်]၏ခင်ပွန်း ဗိုလ်မှူးကြည်ညွန့်(ငြိမ်း)သည် ၇-၁၁-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ/ဆရာမများ
မနုဿဗေဒဌာန၊ မန္တလေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးသန်းချို
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
အသက်(၅၈)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသန်းချို အသက် (၅၈)နှစ်သည် ၁၁-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့် ဒေါက်တာလင်းအောင်
ဒေါက်တာ နန်းနိုင်နိုင်ရှိန်

တစ်ဦးတည်း ဖြစ်ပါကြောင်း ကျွန်တော် ဦးအိစွတ်(ခ)ဦးဇော်ဝင်း[၁၂/မဂတ(နိုင်)၀၅၆၃၇၆၉] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယံနိုးကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်-၆ဟုခေါ်တွင်သော (ယခင်အင်းစိန်ခရိုင်၊ အင်းစိန်တိုက်နယ်) ကွင်း/အကွက်အမှတ်-၂၇(ခ)၊ ဧရိယာ၈က-မရှိ၊ ဒသမ(၁၂၀)၏ ထက်ဝက်ခန့်ရှိ မြေအကျယ်အဝန်း ပေ(၃၀×၇၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အုတ်ခံ၊ ပျဉ်ထောင်၊ သွပ်မိုး(၂)ထပ်အိမ်တစ်လုံးနှင့် မြေပေါ်ရှိသီးပင်၊ စားပင်များအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ကျွန်ုပ်၏အမှုသည် ဦးတင်ရွှေ[၁၂/မဂတ(နိုင်)၀၇၉၇၃၁]က အပြီးအပိုင်ဝယ်ယူပြီး လက်ရောက်ရယူ၍ နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါအိမ်၊ ခြံမြေအား အပြီးအပိုင်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ မိုင်လုံသောအထောက်အထား အစုံအလင်ဖြင့် တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်တင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၆)
အမှတ်(၅၀)၊ ပထမ၊ A-7၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၇၀၈၇၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေထိုင်းရပ်ကွက်အမှတ်-14-E၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် 2nd Northern Division of I-9, 2nd Southern Division of I-9, 1st Southern Division of I-9၊ ဧရိယာ(၀. ၁၆၆)ဧက၊ (၆၃'×၁၁၅)၊ မြေအမျိုးအစား နှစ် (၆၀)မြေဌားဂရန်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော (၄)ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးရဲဝင်းအောင် [၁၂/ပဘတ(နိုင်)၀၁၄၃၃၆]မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသမေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၆၂၈၇) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၄)**
အမှတ်(၄၆)၊ ပထမထပ်၊ (ခ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအတွေ့ထွေ့မှုအမှတ်-၉၆

ကွယ်လွန်သူ အမ်မာမက် (ခ) ဦးဟာမက်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်စန်းကြည် လျှောက်ထားသူ

